# Bibliographic Data

**Author** ရီရီ ၊ ဒေါက်တာ Yi Yi , Dr. Ri¯ Ri¯ , Dok‘ ta¯ **Art.** YI0010

**Article Title** ကွမ်းခွက်

Betel Receptacles

Kvm" khvk‘

**Title (Book/Serial)** သမိုင်းတံခွန်

Bulletin of the Burmese Historial Commission

**Issue and Volume** Vol. 1, Part 2

**Edition**

**Place/ Publisher**

**Distributor**

**Ed. Date** Dec. 1960

**Pagination** p. 167 - 229

**Annotation** Betel-chewing has been a national habit in Myanmar for centuries. The great variety of betel receptacles have become a significant source for cultural research . The old Mon and Myanmar inscriptions described betel and items necessary to the eating of betel. The author has analyzed eighteen types of betel receptacles, some with insignias of one particular class, and others of more general nature. The different types of betel receptacles like Kwam : ac, Kwam : up, and Kwam : khawk are made of different materials that reflect the wealth and status of the user. They range from split bamboo,to silver and gold studded with precious stones.

**Subject Terms** betel receptacles

**Key Words**

1. Kwam : an (Insignia worn by wealthy men in the 17th and first half of the 18th century.]
2. Kwam : ac
3. Kwam : up (Insignia designed for royalty-- kings, princes sawbwas, and nobles.)
4. Kwam kalap (Fashion appurtances during the late Ava period designating wives of nobles, lesser court officials, and lords of the villages.)
5. Kwam : Khawk (Part of the insignia designating kings, princes, nobles and their wives and consorts.)

# KWAM: KHWAK-BETEL RECEPTACLES

*by*

Yī Yi

It is difficult to say when the Burmans first acquired the habit of eating betel. Suffice it to say that the old Mon and Burmese inscriptions contained frequent mention of betel and articles necessary to the eating of betel. There are also instances where betel was offered to the Three Gems. At an age when betel chewing was customary people who did not indulge in the habit must have appeared to say the least, unusual. In the inscriptions of the Pukaṁ period we find reference to mlat krī kwaṁ ma cā–the Reverent Dont Eat Betel and Kwam ma cā rwā—village which doesn't eat betel.[1]

This almost national habit of eating betel must have produced a variety of betel receptacles. The Pukaṁ Burman used such betel receptacles as kwaṁ ac, kwaṁ kap, kwaṁ khyap, kwaṁ loṅ etc. made of different material according to the wealth and status of the user from split bamboo to those of silver and gold studded with precious stones. In later days these betel receptacles became insignias of rank of the princes and nobles and the regalia of kings. We do not know when this came to pass but by the 15th century we find betel receptacles among the king's regalia- maṅ: kham: maṅ: nā: (မင်းခမ်းမင်းနား) We will deal briefly with those betel receptacles that were used as insignias of rank and as regalia.

I *Kwam: aṅ* (ကွမ်းအင်)

This was part of the insignia of the sūkrway သူကြွယ် rich man, of the 17th and first half of the 18th century.

II *Kwam: ac* ကွမ်းအစ်

As this type of receptacle has been used from the Pagan period to this day it needs no explanation (see figures 1 and 2).

III *Kwam: up* ကွမ်းအုပ်

This was part of the insignia of kings, princes, coaubhwā: and nobles. It was already part of the king's regalia by A. D. 1469. Some of the king's kwam: up are made in the form of a haṁsā ဟသံာ—brahminy duck (see figure 3) or karawika ကရဝိက် (see figure 4).

IV *Kwam: kalap* ကွမ်းကလပ်

This is the appurtenance of the wives of the nobles, the lesser officials and lords of villages of the late Ava period. It also figured in feast and guest houses.

---

1. This is the gist of an article in Burmese on ကွမ်းခွက် betel receptacles which is published in this bulletin. No reference and footnotes are therefore given in English. Anyone who wishes to consult them will have to turn to the Burmese article. All figures refer to illustrations in that paper.

During the Kun:bhoṅ (ကုန်းဘောင်ဆက်) period it does not seem to have been part of any insignia.

V *Kwam: kap* ကွမ်းကပ်

This receptacle was in use from the Pukaṁ period to the end of the Kun:bhoṅ dynasty.

VI *Kwam: kyap* ကွမ်းကျပ်

During the Ava period it was part of the insignia of kings and nobles. In Kun:-bhoṅ days however its use was restricted to the king alone who used it as part of the regalia on the right hand side of the throne လကျ်ာမင်းခမ်းတော်

VII *Kwam: krap* ကွမ်းကြပ်

This seems to be a variation in spelling of kwam: kyap.

VIII *Kwam: khyap* ကွမ်းချပ်

This again seems to be a variant of kwam: kyap. Practically all references suggest that this is part of the King's regalia and during the Kun:bhoṅ times it seems to have been confined to the right side of the throne (see figure 5). There is a reference of the Ava period where kwam: khyap formed part of the insignia of the Prince of Calaṅ: (စလင်း). The prince's receptacle was made of silver while those of the king seems to have been of gold. According to the dhammasat certain ladies too were given kwam: khyap.

IX *Kwam: khwak* ကွမ်းခွက်

This is the most common betel receptacle. It was made of various materials, in various shapes and with variously decorated bases. Kwam: khwak was part of the insignia of rank from the king downwards to petty amat and the court ladies.

(a) *Kwam: khwak* ကွမ်းခွက်

This was part of the insignia of kings, princes, nobles and the wives and ladies of the nobles.

(b) *Kwam: khwak awan:* ကွမ်းခွက်အဝန်း

This is circular in shape (see figure 6) and was the insignia of amat and coaubhwā:. It was made of plain gold.

(c) *Le thoṅ, kwam: khwak* လေးထောင့်ကွမ်းခွက်

This is rectangular in shape and was the appurtenance of amat. It was made of plain gold.

(d) *Rhacthoṅ, kwam: khwak* ရှစ်ထောင့်ကွမ်းခွက်

This is octagonal in shape and varied from plain gold to those studded with glass, amber and rubies. During the Kun:bhoṅ period it figured in the regalia on the right hand side of the throne (see figure 7) the insignia of princes, coaubhwā:, governors and amat (see figure 8), and court ladies of high rank (see figure 9).

(e) *Rhac mroṅ, kwam: khwak* ရှစ်မြောင့်ကွမ်းခွက်

This is of eight segments and rarely mentioned. It was sometimes studded with glass, amber or rubies. There is one mention of it among the regalia on the right side of the throne.

(f) *Tachay, nhac mroṅ, kwam: khwak* တဆယ့်နှစ် မြောင့်ကွမ်းခွက်

This is of twelve segments and is found among the appurtenances of princes of exceptionally high rank.

(g) *Thoṅ, khyui: kwam: khwak* ထောင့်ချိုးကွမ်းခွက်

This is angular in shape and we have no idea as to whose insignia it is.

(h) *Khuinan: kwam: khwak* ခိုနန်းကွမ်းခွက်

This is many sided. Beyond this we don't know much.

(i) *Tachay,nhac rāsī kwam: khwak* တဆယ့်နှစ်ရာသီကွမ်းခွက်

This betel receptacle is decorated with the signs of the zodiac (see figure 10) and is the insignia of coaubhwā.

(j) *Puṁnan: kwam khwak* ပုံနန်းကွမ်းခွက်

This is said to be shaped like a palace and found among the articles of queens and princes of high rank.

(k) *Lak taṅ krā: kwam: khwak* လက်တင်ကြားကွမ်းခွက်

It is found among the regalia on the left hand side of the throne (see figure 11).

(l) *Khraṅse, khaṁ kwam: khwak* ခြင်္သေ့ခံကွမ်းခွက်

This betel receptacle is decorated with figures of leogryphs at the base (see figure 12). It is part of the king's regalia and some authorities place it on the right while others on the left side of the throne.

(m) *Nagā: khaṁ kwam: khwak* နဂါးခံကွမ်းခွက်

There are nagā: - serpents decorating its base (see figure 13). It is part of the regalia. As in the case above it sometimes figures on the right and sometimes on the left of the throne.

(n) *Narā: kham kwam: khwak* နရားခံကွမ်းခွက်

We have found only one reference to it and it appeared among the regalia on the left side. It seems to be similar to the nagā: kham kwam: khwak.

(o) *Payaṅ: tap kwam: khwak* ပယင်းတပ်ကွမ်းခွက်

This is amber studded and given to infant princes. Some of the betel receptacles already mentioned such as the octagonal one is sometimes amber studded.

(p) *Pattamrā: tap kwam: khwak* ပတ္တမြားတပ်ကွမ်းခွက်

The ruby studded betel receptacle was given to princes and senior coaubhwā:. Some of the kwam: khwak already mentioned such as the octagonal and the twelve segmented ones are occasionally studded with rubies.

(q) *Mhan tap kwam: khwak* မှန်တပ်ကွမ်းခွက်

Glass studded betel receptacles are given to infant princes.

The first betel container that an amat receives is a round one—kwam: khwak awan:. As a next step up he receives a rectangular one, then an octangonal one, then one studded with amber, then one having one row of rubies and then two rows. When a coaubhwā: has progressed beyond an octagonal shaped betel container he gets one with the signs of the zodiac. Betel receptacles of eight or twelve segments appear to be the insignia of senior princes and that in the shape of a palace that of queens, the Heir Apparent and senior princes. The octagonal, laktaṅ: krā:, leogryph and serpent based betel receptacles were part of the regalia on either side of the throne. Besides being part of the insignias of rank the betel receptacle was used as a container of gold -title plates, appointment orders and royal letters. On 16 June 1854 when Mindon and his Chief Queen's regnal titles were received in ceremony they were placed in ruby octagonal betel receptacles (see figure 14).

X *Kwam: talā:* ကွမ်းတလား

A box like betel receptacle which figured among the regalia of a king of Ava.

XI *Kwam: toṅ* ကွမ်းတောင်

This figured in acts of merit, the insignia that accompanied the King in his ceremonial progress and the right side of the throne.

XII *Kwam: toṅ.* ကွမ်းတောင်း

This betel receptacle is part of the regalia on the right side of the throne.

XIII *Kwam. thañ,* ကွမ်းထည်

This is one of the King's insignias.

XIV *Kwam: thup* ကွမ်းထုပ်

It forms part of the appurtenance of princes and amat.

XV *Kwam: bhū:* ကွမ်းဘူး

This seems to have been one of the insignias of princes of Tapaṅrhwethī:'s time.

XVI *Kwam: loṅ:* ကွမ်းလောင်း

This is boat shaped (see figure 16) and is said to have been part of the regalia of the Takoṅ:·kings. There were the ordinary kwam: loṅ, the kwam: loṅ: krī:—the big and the kwam: loṅ: ṅay—little ones. We first come across it in Pukaṁ inscriptions. During the

Ava and Kun:bhoṅ periods it figured among the regalia and in the latter period on both sides of the throne. There is also mention of it being included in the insignias which accompany the king in his ceremonial progress. There are also extremely rare cases when the kwam: loṅ: was bestowed on amat-such a one was the Colha mrui, cā: စောလှမြို့စား who was officer of the seals and a notable court poet.

## XVII *Kwam: lip* ကွမ်းလိပ်

This seems to a be small covered cup which is placed in the kwam: khwak. A person may receive up to five of these but the usual number appears to be three. We find it among the insignia of great princes, grand nobles and eminent court ladies. Kwam: lip, was generally given together with a spittoon which varied from silver, gold and copper alloy to gold according to the rank of the recepient. In the scale of insignias a spittoon ranked higher than a betel receptacle. There were some kwam: lip which were studded with glass, amber or rubies, and others which were octagonal, twelve sides, etc.

## XVIII *kwam: sui* ကွမ်းသို့

There are few references for this betel receptacle. We do not even know whether it was part of anybody's insignia.

In conclusion, we have seen eighteen types of betel receptacles. Of these some were insignias of one particular class while others were of a more general nature. Kwam: aṅ was strictly the appurtance of richmen. The kwam: ac has enjoyed a long life from the 12th century to the present day. The kwam: up was part of the insignia of the king. princes and amat while the kwam: kalap was used in connection with feasts, acts of merits and receptions and was also the appurtenance of court ladies and minor amat and lords of villages. Kwam: kap was known from Pukaṁ times up to the annexation of Upper Burma. Kwam : kyap, kwam: krap, kwam : khyap seems to be various spellings of the same utensil which appeared as part of the insignia of amat in the Ava period and to be raised to the status of regalia in Kun:bhoṅ times. Kwam: khwak, we have seen, was the most popular receptacle as insignia of rank and formed part of the insignia of kings, princes, queens, amat, ladies of the court, and coaubhwā: and that it was subdivided into seventeen kinds. Kwam: talā: was part of the insignia of Ava kings; kwam: toṅ was used in feasts, festivals, etc. as an insignia which the King takes with him on his state progress and a regalia of the right side of the throne. The kwam: toṅ: too was a regalia of the right side. Kwam: thañ, was an insignia of the king while kwam: thup that of princes and nobles. Kwam: bhu: appears to have been among the appurtenances of princes. Kwam: loṅ: was mostly the regalia of kings and rarely the insignia of amat. Kwam: lip was a very important item of insignia and given only to those of high rank among princes amat and ladies. We only know that kwam: sui is a betel receptacle. Thus we may safely say that the betel receptacle was an index to the rank of the possessor.

# ကွမ်းခွက်

ဒေါက်တာ ရီရီ ရေးသည်

မြန်မာတို့ ကွမ်းစားသည့် အလေ့အထကို မည်သည့်အခါကစ၍ ရခဲ့သည်ဟုပြောရန် များစွာခက်ပါသည်၊ သို့သော် ရှေးမွန်ကျောက်စာများ၌ရှင်း ပုဂံခေတ်ကျောက်စာများ၌ရှင်း ကွံ သို့မဟုတ် ကွမ်နှင့် ကွမ်းစားခြင်းဆိုင်ရာဝေါဟာရများကို မကြာခဏ တွေ့တတ်ပေသည်။ ရတနာသုံးပါးအား ကွမ်းဝတ်ပြုသည်ဟုလည်း ကျောက်စာများ၌ တွေ့ရသေးသည်။ လူအများ ကွမ်းစားတတ်သည့်အချိန်အခါ၌ ကွမ်းမစားတတ်သော သူတို့ကား အတော်ပင်ထူးဆန်းသူများဖြစ်ပေသည်။ ပုဂံခေတ် ကျောက်စာများ၌ မှတ်ကြီစွာ ကွံမစာ ဟူ၍ ဘုန်းတော်ကြီးတပါးကို ဖေါ်ပြသည်ကိုရှင်း ကွမ်မစာရှာ ဟူ၍ရှင်း တွေ့ရသည်[1]။

ဤမျှလောက် ကွမ်းစားခဲ့ပါမူ ကွမ်းထည့်ရန် ပစ္စည်းအမျိုးမျိုး ပေါ်ပေါက်လာရပေမည်။ ပုဂံခေတ်ကပင်လျှင် ကွမ်းထည့်ရန် ကိရိယာများမှာ ကွံအစ်၊ ကွံကပ်၊ ကွံချပ်၊ ကွံလောင် စသည်တို့ ဖြစ်ပါသည်။ ယင်းတို့ကို သုံးစွဲသူ၏ စွမ်းအားရှိသမျှ နိုးမှုစ၍ ရွှေ ငွေ ကျောက်မျက်ရတနာ စီခြယ်သည့်အထိ ပစ္စည်းအမျိုးမျိုးဖြင့် လုပ်ဆောင်သုံးစွဲကြပါသည်။ စံပြရလျှင်- ကွံအစ်တစ်ဆူ[2]၊ ရှယ်ကွံကပ်နှီ ၁ ခု[3]၊ ကွံချပ် ၁[4]၊ ငွေကွံ (လောင်)[5]၊ ကွံလောင်ကာမျက်ခတ်[6]၊ စသည်တို့ ဖြစ်ပါသည်။ နောင်ခေတ်များ၌ ထိုကွမ်းခွက် အမျိုးမျိုးတို့ပင်လျှင် မင်းနှင့် မှူးမတ်တို့ အဆောင်အရွက်များတွင် အရေးကြီးသော အစိတ်အပိုင်းများ အဖြစ်ဖြင့် ပါဝင်လာသည်။ မည်သည့်ခေတ်မှစ၍ ကွမ်းခွက်တို့သည် အဆောင်အရွက်ဖြစ်လာသည်ကို မသိရသေးသော်လည်း အေဒီ ၁၅ ရာစုလောက်၌ ကွမ်းခွက်သည် မင်းခမ်းမင်းနားအပါအဝင် ဖြစ်နေပြီဟုသိရပါသည်။ ထိုကဲ့သို့ အဆောင်အရွက်သဘောထား၍အသုံးပြုသော ကွမ်းခွက်များကို အကျဉ်းအားဖြင့် ဖေါ်ပြရမည်ဆိုသော်

## ၁။ ကွမ်းအင်

ညောင်ရမ်းခေတ် (၁၇ ရာစု) ၌ သူဌေးတို့အဆောင်အရွက်ဖြစ်သည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ **လောကဗျူဟာ အင်ရုံစာတမ်း** ၌ အောက်ပါအတိုင်း တွေ့ရပါသည်။

> သူဌေးတို့ကို အဆောင်ပေးသည်ကား ငွေ**ကွမ်းအင်** မိုးကြိုးကြုတ်ခွက် မိုးကြိုးကရားကိုပေး၍ ငွေ**ကွမ်းအင်** ကို ပိုးကွန်ချာအိပ်နှင့် သွတ်၍ ဆောင်သည်။ သည်နောက် မိုးကြိုး **ကွမ်းအင်** ကြုတ်ခွက် ရွှေမိုးကြိုးကရား အထွတ်

---

၁။ G.H. Luce: "Economic Life of the Early Burman", *BRSFAP*, II, 334

၂။ ခါတ်ပုံ ၁၃၅ ခ/ ၁၂ အေဒီ ၁၂၃၉

၃။ ခါတ်ပုံ ၂၆၅/ ၇ အေဒီ ၁၂၀၀

၄။ ခါတ်ပုံ ၁၃၀/ ၁၃ အေဒီ ၁၂၄၁

၅။ ခါတ်ပုံ ၃၁၂ ခ/ ၉ ?

၆။ ခါတ်ပုံ ၄၂၁ ခ/ ၉ အေဒီ ၁၃၁၆

ရွှေကို ပေး၍ဆောင်သည်။ သည်နောက် ရွှေ**ကွမ်းအင်**ကြုတ်ခွက် ရွှေကရားပေး၍ ဆောင်ရသည်[၁] ဟူ၍ပါရှိသည်။

## ၂။ **ကွမ်းအစ်**

ကွမ်းအစ် (ပုံ ၁ နှင့် ၂) ကား ပုဂံခေတ် အေဒီ ၁၃ ရာစုကစ၍ ယခုတိုင် သုံးဆောင်နေကြသောအရာ ဖြစ်ရကား အထူးဖေါ်ပြရန် လိုမည်မထင်ချေ။ သို့ရာတွင် အထောက်အထားတခုကို စံအဖြစ် ပြပါမည်။ မင်းတုန်းမင်းကြီးက ၁၂၂၀ ခု (အေဒီ ၁၈၅၈) သောင်သွပ်စော်ဘွားကို သနားတော်မူသည့် **အဆောင်အရွက်**များတွင် "အင်္ကျီ၊ ရွှေဦးထုပ်၊ **ကွမ်းအစ်** ရွှေသားကျောက်စီ"[၂] ဟူ၍ တွေ့ရသည်။

## ၃။ **ကွမ်းအုပ်**

ကွမ်းအုပ်ကား မင်း၊ မင်းသား၊ မှူးမတ်တို့ **အဆောင်**အယောင်ဖြစ်သည်။ သက္ကရာဇ် ၈၃၄ ခု ရှင်အုန်းညိုရေးသည်ဟု ဆိုကြသော **ပြည်စုန်မော်ကွန်း**၌ မင်း၏အသုံးအဆောင်အဖြစ် တွေ့ရှိရပါသည်။ သီဟသူရ (အေဒီ ၁၄၆၉-၈၁) မင်းသည် ညီတော်ပြည်မင်း သက္ကရာဇ် ၈၃၄ ခု၌ ပုန်ကန်သောကြောင့် ပြည်မြို့သို့ စုန်ဆင်း၍ နှိမ်နင်းသည်[၃]။ ယင်းအကြောင်းကိုဆိုသော **ပြည်စုံမော်ကွန်း**တွင် ပြည်မင်းက အညံ့ခံ၍ လက်ဆောင်များ ဆက်သသည့် **အကြောင်း** အရာကို ဖွဲ့ရာ၌

> ရွှေ**အသောင်း**ဖြင့်၊ ကွမ်း**လောင်း ကွမ်းအုပ်**၊ လုပ်လပ်ပြီး**သော်**[၄]

ဟူ၍လည်း တွေ့ရှိရသည်။ ထို့အပြင် သက္ကရာဇ် ၁၁၄၆ ခု ဇေယသင်္ခယာရေး **ရွှေဘုံနိဒါန်း**၌ မင်း၏အဆောင်အရွက်များတွင် ကရဝိက်ရုပ် (ပုံ ၃) ကွမ်းအုပ်နှင့် ဟင်္သာရုပ်ကွမ်းအုပ် (ပုံ ၄) တို့ကို တွေ့ရသည်[၅]။ ညောင်ရမ်းခေတ် မင်းသားတို့ အဆောင်အရွက်တွင် ကွမ်းအုပ်ကိုတွေ့ရှိရသည်မှာ

> မိဘုရားကိုယ်လုပ်တော်တို့မှ မြင်သည့် မင်းသားများသည် မင်းသားနေရာသို့ရောက်လျှင် ရသည့်**အဆောင်** အရွက်များ၌
>
> **ကွမ်းအုပ်** ရေတကောင်း ဖက်ကတော့အုပ်ကိုဆောင်သည်[၆]

ဟူ၍ ပါရှိသည်။ မင်းသားနေရာထက် အနည်းငယ်နိမ့်သော မြင်းမှူးနေရာတို့လည်း ကွမ်းအုပ်ရကြသည်။

---

၁။ အင်ရုံရွှာစားဝန်ကြီး သီရိဥဇနာရေး **လောကဗျူဟာ**ကျမ်း ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန (၁၉၅၈ ခု) စာမျက်နှာ ၂၈၃။ **ကျေးရွာအဆောင်ပေး စာတမ်း**၊ အမျိုးသားစာကြည့်တိုက် ကင်းပေ ၁၂၀ ကေ ကျော ၄

၂။ **ကုန်းဘောင်ဆက်** တတိယတွဲ **စာ**မျက်နှာ ၂၆၉

၃။ G.E. Harvey: *History of Burma*, London Longman Green and Co. 1925. p. 100
**မှန်နန်း မဟာရာဇဝင်တော်ကြီး** မိတ္ထီလာမြို့မအေးတင် ပိဋကတ်စာပုံနှိပ်တိုက် (၁၉၄၁) ဒုတိယတွဲ **စာမျက်နှာ** ၁၁၂-၃

၄။ **ပြည်စုန်မော်ကွန်း**၊ မန္တလေးမြို့ ပိဋကက်ပြန့်ပွားရေးဌာန အပိုဒ် ၅၆

၅။ **ရွှေဘုံနိဒါန်း**၊ မန္တလေး၊ ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက်၊ ၁၉၅၅၊ **စာ**မျက်နှာ ၁၀-၉

၆။ **လောကဗျူဟာ** စာမျက်နှာ ၂၀၀။ **ကျေးရွာအဆောင်** ကာဝမ်း ၄ ကာကျော ၅

**ကွမ်းအုပ်** ရေတကောင်း ဂကတော့အုပ်....

နေရာ**နေ**မှူးမတ်တို့တွင် **တော်**နှင့် ဒူး**နေရာ**နေတို့သာလျှင် ကွမ်းအုပ်ရေတကောင်း ဖက်ကတော့အုပ်ရကြသည်[၁]။ **နေ** ရာမရ **အ**မည်ရ မှူးမတ်တို့ကား ကွမ်းအုပ် **ရေတကောင်း** ပဝါနီအုပ်ရကြသည်[၂]။ ထို့အပြင် **မှန်နန်း**၌ သက္ကရာဇ် ၇၇၁ ခု (**အေဒီ** ၁၄၀၉) တွင် မိဘုရား ရှင်ဘို့မယ်က ဘိုးရာဇာကို ရွှေတပိဿာခွတ်သော ကွမ်းအုပ်ဆု ပေးတော်မူသည် ဟူ၍လည်း တွေ့ရှိရပါသည်[၃]။ ကွမ်းအုပ်ကို ကုန်းဘောင်ခေတ်က နန်းတော်၌ **ဆွမ်းကြီးလောင်း**မင်းပွဲသဘင် **အကြီး**အကျယ် ရှိသည့်**အခါ**များ၌ အသုံးပြုကြောင်းကိုလည်း သိရ၏[၄]။ ထိုအပြင် **စော်ဘွားများကိုလည်း** သနားတော်မူသည်ဟု ပါရှိသည်။ သက္ကရာဇ် ၁၂၂၀ ခု (**အေဒီ** ၁၈၆၈) တွင် မင်းတုန်းမင်းကြီးသည် သောင်သွပ်စော်ဘွား **အား** ရွှေသား **ကွမ်းအုပ်** သနားတော်မူသည်ဟု တွေ့ရသည်[၅]။

## ၄။ ကွမ်းကလပ်

သက္ကရာဇ် ၁၂၆၆ ခု (အေဒီ ၁၉၀၄) တွင် မန်လည်ဆရာတော်ရေးသည့် **မဟာသုတကာရီ မဃဒေဝလင်္ကာသစ်**၌ ကွမ်းကလပ်ကို **ညှော်**သည်တင်ကုပ် လုပ်ဆောင်၍ထားသောအခါ ထည့်ရန်ပစ္စည်းစာရင်းတွင် တွေ့ရပါသည်။

> **ညှော်**သည်တင်ကုပ်၊ ဆောက်လုပ်သော့အား၊ ပြင်ထားနေ့စပ်၊ **ကွမ်းကလပ်**နှင့်၊ ကွမ်းကပ်ကွမ်းသို၊ ရေချို **ရေအေး**၊[၆]

ဟူ၍ ပါရှိသည်။ မှူးမတ်ကတော် မယားအဆောင်အရွက်တွင်လည်း ကွမ်းကလပ်ကို တွေ့ရသည်။ အမှူးအကြီး ကျေးစား ရွာစား အမည်ရတို့မှာ **ကွမ်းကလပ်** ပဝါနီထုတ်၊ ရေတကောင်း ပဝါဘုံး[၇] ကို ရသည်ဟူ၍ရင်း၊ အမည်ရ မယားတို့မှာ သွားလာလျှင် **ကွမ်းကလပ်** ပဝါနီထုပ် ရေတကောင်း ဖက်ကတော့အုပ်[၈] ကို ဆောင်ရသည် ဟူ၍ရင်း တွေ့ရသည်။ ကွမ်းကလပ်ကြီးကား နေရာငါးသွယ် မယားတို့အဆောင်အရွက် ဖြစ်သည်။ ဤနေရာ၌ **ကျေးရွာအဆောင်ပေးစာတမ်း**နှင့် **လောကဗျူဟာ** အနည်းငယ်ကွဲလွဲသည်ကို တွေ့ရ၏။ တစောင်က အတွင်းဘဝေါ၊ အပြင်ဘဝေါနှင့်စနည်း နေရာသုံးသွယ်နေ မယားတို့အဆောင်အရွက်တွင် "**ကွမ်းကလပ်ကြီး**ကို နီပါးထည်အိပ်သွတ်၍ ပဝါနီအုပ်ရသည်"[၁၀]ဟု ဆို၏။ ယင်းသည်ကိုပင်လျှင် **ကျေးရွာအဆောင်** က တော်၊ ဒူး၊ မယားတို့ အဆောင် ဟူ၍ရင်း၊ နေရာသုံးသွယ် မယားတို့ အဆောင်တွင် ကွမ်းကလပ်ကြီးကို အိပ်နီသွတ်သည် ဟူ၍သာဆိုသည်။

---

၁။ **လောကဗျူဟာ** စာမျက်နှာ ၂၉၀။ **ကျေးရွာအဆောင်** ကာကျော- ၇ တွင် ကွမ်းထုတ်ဟုဆိုသည်

၂။ **ကျေးရွာအဆောင်** ကိဝမ်း ၄၊ ကိကျော ၄

၃။ **ကျေးရွာအဆောင်** ကိဝမ်း ၅

၄။ **မှန်နန်း** ဒုတိယတွဲ စာမျက်နှာ ၁၂

၅။ **ရွှေနန်းသုံး ဝေါဟာရအဘိဓါန်** ( မန္တလေး ) အခန်း ၄၃

၆။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၂၆၉

၇။ **မဟာသုတကာရီ မဃဒေဝလင်္ကာသစ်** ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၆ အပိုဒ် ၅၀၅

၈။ **ကျေးရွာအဆောင်** ကိကျော ၁

၉။ **လောကဗျူဟာ** စာမျက်နှာ ၂၉၅၊ **ကျေးရွာအဆောင်** ကိကျော ၆

၁၀။ **လောကဗျူဟာ** စာမျက်နှာ ၂၉၆

> တော်ဒူ နေရာ ကတော်မယားတို့၊ အနောက်သဘင်တော် မတက်ရသေးသည့်သူတို့မှာ သွားလာလျှင်... **ကွမ်းကလပ်ကြီး** ကို နီပါးထည်အိပ်သွတ်၍ ပဝါနီဘုံးသည်... စနည်းအတွင်းဘဝေါ ပြင်ဘဝေါ ၃ သွယ်နေ တို့သားမယားတို့မှာ... **ကွမ်းကလပ်ကြီး** အိပ်နီသွတ်၍ ပဝါနီဘုံးသည်[၁]

ဟူ၍ ပါရှိသည်။ ကုန်းဘောင်ခေတ်၌ ကွမ်းကလပ်သည် အဆောင်အရွက်များ၌ မပါတော့ပြီဟု ထင်ရပေသည်။

## ၅။ ကွမ်းကပ်

ကွမ်းကပ်ကား ပုဂံခေတ်ကျောက်စာ၌ "ရှယ်**ကွမ်းကပ်**နှိ ၁ ခု" ဟူ၍ တွေ့ခဲ့ရဘူးပြီ။ ၁၂၆၆ ခုနှစ် (အေဒီ ၁၈၀၄) တွင် ရေးသည့် **မဃဒေဝလင်္ကာသစ်** ၌လည်း ကွမ်းကလပ်နှင့်၊ **ကွမ်းကပ်** ကွမ်းသို"[၂] ဟူ၍ တွေ့ရကား ကွမ်းကပ်ကို ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်ဆုံးတိုင် သုံးသည်ဟုထင်ရပါသည်။

## ၆။ ကွမ်းကျပ်

ကုန်းဘောင်ခေတ်၌ ကွမ်းကျပ်ကား ဧကရာဇ်မင်းမြတ်၏ အဆောင်သာဖြစ်၏။ သို့ရာတွင် အဝခေတ်ကမူ မင်းသာ မဟုတ် မှူးမတ်တို့၏အဆောင်တွင်လည်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် သက္ကရာဇ် ၈၃၄ ခု (အေဒီ ၁၄၇၂) ရေးသည့် **ပြည်စုန်မော်ကွန်း**[၃] ၌ မင်း၏အဆောင်တွင် '**ကွမ်းကျပ်** ကွမ်းလောင်း' ဟူ၍ငင်း၊ သက္ကရာဇ် ၁၀၁၂ ခု (**အေဒီ** ၁၆၅၀) တွင် ရေးသည်ဟု ဆိုကြသော **မင်းကွန်းဓမ္မသတ်** ၌ သားတို့ရထိုက်သော အမွေအကြောင်းကို ဆိုရာတွင်

> ပရိဘုတ္တံ၊ အဘသုံးဆောင်သော။ တမ္ဗူလဘာဇနဥ္စ၊ ကွမ်းလောင်း **ကွမ်းကျပ်** ကွမ်းခွက်ကို လည်းကောင်း။ ဂါဟိတံ၊ အဘလက်စွဲသော။ သတ္တဥ္စ၊ ထားကိုလည်းကောင်း[၄]

ဟူ၍ငင်း တွေ့ရှိရသည်။ ကုန်းဘောင်ခေတ်၌မူကား ကွမ်းကျပ်ကို လက်ျာမင်းခမ်းတော်များ၌သာ တွေ့ရသည်။သက္ကရာဇ် ၁၂၁၁ ခု (အေဒီ ၁၈၄၉) တွင် စောလုမ္ဗိုစား မင်းလှရာဇကျော်ထင် ယဉ်မည် ဦးရွှေခြည် ရေးသားပြီးစီးသည့် **အဘိရုကပ္ပျို** (ဇာတ်တော်နံပါတ် ၁၃၂) ၌ "**ကွမ်းကျပ်**သုံးဆင့်၊ ကွမ်းတောင်မြင့်လျက်"[၅] ဟူ၍ငင်း။သက္ကရာဇ် ၁၂၆၆ ခု (အေဒီ ၁၈၀၄) ၌ မန်လည်ဆရာတော် ရေးသားပြီးစီးသည့် **မဃဒေဝလင်္ကာသစ်** ၌ "ထိန်ညီး **ကွမ်းကျပ်**၊ ထိန်လျှပ်ကွမ်းလောင်း"[၆] ဟူ၍ငင်း ပါရှိသည်။

၁။ ကျေးရွာအဆောင် ကီကျော ၃ - ၄

၂။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ် အပိုဒ် ၅၀၅

၃။ ယင်း အပိုဒ် ၃၀

၄။ **သုံးဆယ့်ခြောက်စောင်တွဲ အမွေမှုခန်း ဓမ္မသတ်ကျမ်းကြီး**၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၈၉၃ စာမျက်နှာ ၈၄

၅။ **အဘိရုကပ္ပျို**၊ ရန်ကုန်- ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၀၀ အပိုဒ် ၁၅၆

၆။ **မဃဒေဝလင်္ကာသစ်** အပိုဒ် ၆၆

## ၇။ ကွမ်းကြပ်

ကွမ်းကြပ်ကား ကွမ်းကျပ် နှင့် အတူတူပင် ဖြစ်မည်ဟု တွေးထင်ရန်ရှိပါသည်။ တွေ့ရသည့် အထောက်အထားကား မင်းခေါင်သည် မင်းရာဇာအား ဆုပေးသနားတော်မူသည့် ပစ္စည်းများတွင် ရွှေကွမ်းကြပ် ရွှေထုံးဘူး ကို တွေ့ရပါသည်[၁]။

## ၈။ ကွမ်းချပ်

ကွမ်းချပ်မှာလည်း ကွမ်းကျပ်နှင့် အတူတူပင်ဟု ယူဆကြပါသည်[၂]။ ကွမ်းချပ်ကို မင်း၏ အဆောင်အရွက်အဖြစ် တွေ့ဘူးသမျှ အထောက်အထားများကို ဖော်ပြရလျှင်

(၁) ပြည်စုန်မင်းသည် နေပြည်တော်သို့အပြန်၌ မိဘုရားခေါင်ကြီးနှင့် မှူးမတ်များခြံရံ၍ ခင်းကျင်းသည့်အဆောင်များတွင် "ကွမ်းချပ် ကွမ်းစည်း၊ ဇရည်းကြာမှုံ"[၃]

(၂) "ကွမ်းထည့် ကွမ်းချပ် မှာ... ရခိုင်မင်းအဆောင်"[၄]

(၃) "ဟံသာဝတီ ဆင်ဖြူများရှင်သို့ ရခိုင်မင်းက သံတမန်စေရောက်၍ အလေးအမြတ် ဆောင်ယောင်သည့် ကွမ်းထည့် ကွမ်းချပ် ကို ဆက်သည်"ဆိုသည်[၅]

(၄) လင်္ကာမင်းခမ်းတော်တွင် "ရောင်ဖြာလျှံပြည့်၊ ကွမ်းထည့် ကွမ်းချပ်"[၆]

(၅) လင်္ကာမင်းခမ်းတော်တွင် "ကြုတ်ဝါကွမ်းထည့်၊ ရောင်မှည့်လျှပ်လျှပ် ကွမ်းချပ် ကျပ်လျှား"[၇]

(၆) လင်္ကာမင်းခမ်းတော်တွင် "ကွမ်းလောင်းကြီးထိန်လျှပ်၊ ကွမ်းချပ် သုံးဆင့်"[၈] ( ပုံ– ၅ )

(၇) လင်္ကာမင်းခမ်းတော် ဆဲ့သုံးခုတွင် "စလင့်ကြာ ကွမ်းချပ်၊ လျှပ်လျှပ်ဝှန်ဝေ၊ ကွမ်းချပ် ရွှေနှင့်"[၉]

(၈) လင်္ကာမင်းခမ်း ဆဲ့ခုနှစ်ခုတွင် "သုံးဆင့်ကွမ်းချပ်၊ ရောင်လျှပ်ကွမ်းတောင်း"[၁၀]

---

၁။ **မဏိရတနာပုံကျမ်း** ရန်ကုန် ဟံသာဝတီသတင်းစာတိုက်၊ ၁၉၀၁ စာမျက်နှာ ၁၂၁

၂။ **တက္ကသိုလ်မြန်မာအဘိဓါန်** အပိုင်း ၁ ( ကအက္ခရာ )ရန်ကုန် အစိုးရပုံနှိပ်တိုက်၊ ၁၉၅၂ စာမျက်နှာ ၁၅၁

၃။ **ပြည်စုန်မော်ကွန်း** အပိုဒ် ၆၇ (အေဒီ ၁၄၇၂ ခု ရေးသည်)

၄။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၅ စာမျက်နှာ ၁၃ (အေဒီ ၁၇၈၃ ခု ရေးသည်)

၅။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၅ စာမျက်နှာ ၁၄

၆။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၆ စာမျက်နှာ ၁၆

၇။ **မုဒ္ဒါဘိသိက်မော်ကွန်း** အပိုဒ် ၂၁ (ရာဇဗလ ၁၇၈၄ ခခန့်ရေးသည်)

၈။ **မဟာဇနကပျို့** အပိုဒ် ၈၁ (အေဒီ ၁၈၀၆ ခု ရေးသည်)

၉။ **ကုသပျို့** အပိုဒ် ၁၃ ( အေဓီ ၁၈၂၇ ခုရေးသည် )

၁၀။ **ကုသပျို့** အပိုဒ် ၁၄

(၉) မြဝတီမင်းကြီး ရေးသည့် လကျ်ာမင်းခမ်းမြွတ်စဉ်စီချိ လကျ်ာတော်မင်းခမ်းတော်ဘွဲ့၌ "နှစ်ပင်ညွန့်ခက်၊ စလင့်ကြာ၊ ကွမ်းလောင်း **ကွမ်းချပ်**၊ ထိန်လျှပ်ကွမ်းတောင်သာ" [၁]

(၁၀) "ပလ္လဝါထပ်၊ လျှံဝါလျှပ်သား၊ **ကွမ်းချပ်** ကွမ်းလိပ်၊ လျှမ်းလျှမ်းရိပ်မျှ၊ သိတ်သိတ်မွမ်းဖြင်၊ မင်းခမ်းယင်လျက်" [၂]

(၁၁) "လကျ်ာမင်းခမ်းတော်၊ **ကွမ်းချပ်တော်**" [၃]

(၁၂) ပွဲကသည့်အခါ ရှင်ဘုရင်ထွက်တော်မူခမ်းပါလျှင် ကျင်းသည့်အဆောင်အရွက်တွင် **ကွမ်းချပ်**လည်းပါသည်။ [၄]

ကွမ်းချပ်ကို မင်းသား၏အဆောင်အဖြစ် တခါသာတွေ့ရသေး၏။ ယင်းကား စလင်းမင်း သတိုးဓမ္မရာဇာ၏ အဆောင်အရွက်တွင် "ငွေချည်းသောင်းလုပ်၊ ခွက်အုပ် **ကွမ်းချပ်**၊ လွမ်းထပ်ရွှေဖျင်၊ ရွှေစင်လက်ကောက်" [၅] ဟူ၍ပါ၏။ ဤတွင် မင်းသား၏ ကွမ်းချပ်ကို ငွေနှင့်လုပ်သည်ဟု ယူဆရပေမည်။ မင်း၏ကွမ်းချပ်ကား ရွှေနှင့်ပြုလုပ်ဟန်တူသည်။

မင်းကချီးမြှောက်သော အမျိုးသမီးတို့၏အဆောင်တွင် ကွမ်းချပ်ကို တခါသာတွေ့ဘူးသည်။ ညီမဖြစ်သူကိုသာ မင်းမြှောက်စား၍ အကိုအမတို့က လူသာမန်များသာဖြစ်ပါမူ ယင်းသည့်မင်းပေးအဆောင်အရွက်တို့ကို ညီမ၏ပစ္စည်းဟူ၍ အကိုကြီး အမကြီးတို့က မသုံးဆောင်ရဟု ဓမ္မသတ်ကျမ်းကဆိုပါသည် [၆]။

မင်းက ချီးမြှောက်သော အမျိုးသားတို့၏ အဆောင်တွင်လည်း **ကွမ်းချပ်** ကို အောက်ပါ အတိုင်း တွေ့ရဘူးပါသည်။

> မင်းမှာစိုးသိ၊ ဖြစ်ပေဘိကား၊ စွဲထားစီးမြင်း၊ ခင်းကျင်းသောက်စား၊ ဘလား**ကွမ်းချပ်**၊ စေအပ်အမြဲ၊ ထားစွဲစားမြေ၊ လုပ်ထွေလယ်ယာ၊ တန်ဆာဝတ်စား၊ ဘလားလင်ပန်း၊ ဇွန်းနှင့် သန္ဓေ ... ယောကျ်ားတန်ဆာ၊ ရလေရာ၏ [၇]

၉။ ကွမ်းခွက်

ကွမ်းခွက်ကို ပစ္စည်းအမျိုးမျိုး ပုံစံအမျိုးမျိုး အခံအမျိုးမျိုးနှင့် လုပ်လေ့ရှိသည်။ ကွမ်းခွက်မှာ မင်းမှစ၍ မှူးငယ်မတ်ငယ်တို့ပါ ရသောအဆောင်အရွက် ဖြစ်ကြောင်း အထောက်အထား များစွာပင်ရှိသည်။ ယခုတိုင် တွေ့ရှိရသမျှကို ဖော်ပြရလျှင်

---

၁။ **ဂိတဝိသောဓနီကျမ်း** စာမျက်နှာ ၃၀

၂။ **စန္ဒကိန္နရီပျို့** အပိုဒ် ၂၆ (အေဒီ ၁၈၅၀ ခုရေးသည်)

၃။ **ရွှေနန်းသုံး ဝေါဟာရအဘိဓါန်** အပိုဒ် ၈

၄။ **ပြည်ထောင်စုအကပဒေသာ** စာမျက်နှာ ၂၉

၅။ **သခင်ထွေး ချောင်း** အပိုဒ် ၂၆ (အေဒီ ၁၄၇၆ ခုရေးသည်)

၆။ **မနုကျယ်** အခန်း ၅ အပိုဒ် ၂၃

၇။ **အမေ့မှုခန်း** စာမျက်နှာ ၇၅

## (က) **ကွမ်းခွက်**

**မင်း၏ အဆောင်အရွက်အနေနှင့်**

(၁) ဘုရင်မင်းခေါင် တန့်တားဦးမင်းလာစေတီသို့ ထွက်တော်မူစဉ် ခင်းကျင်းသည့် အဆောင်အရွက်တွင် "ရွှေထီးဆောင်းလျက်၊ ကွမ်းလောင်း **ကွမ်းခွက်**၊ လိုက်ဘက်စီရင်၊ သောက်ရေတင်နှင့်" ၁

(၂) ရာဇာဓိရာဇ်က လကျွန်းအိမ်သို့ မိဘုရား တလသုတမာယာ ကို "**ကွမ်းခွက်** တော်နှင့် ကွမ်းထည့်စေသည်" ၂

(၃) မင်းခေါင်နှင့် သုရှင် မင်းအချင်းချင်း အဆောင်အရွက် လဲလှယ်ကြရာ "သုရှင် ဆောင်သည့်ထီးဖြူ စားတော်ကွမ်းလောင်း၊**ကွမ်းခွက်** တို့ကို မင်းခေါင်သို့ပေးသည်၊ ဘုရင်မင်းခေါင် ဆောင်သည့်ထီးဖြူ စားတော် **ကွမ်းခွက်** တို့ကိုလည်း သုရှင်သို့ ပေးတော်မူသည်" ၃

(၄) ဘုရင့်နောင် ကျော်ထင်နော်ရထာ ( အေဒီ ၁၅၅၁ – ၈၁ ) က "ပုညရင်စေတီကိုလည်း ထီးချ ရားသီးကသည် မြေတိုင်အောင် **ကွမ်းခွက်**တော်နှင့် သင်းကျပ်တော်ကို မျက်ပါးခတ်၍ ရွှေအပြည့် ထည့်တော်မူ၏" ၄

(၅) ညောင်ရမ်းခေတ် ဘုရင်မင်းမြတ်ထွက်တော်မူသည့်အခါ ကျင်းသည့်အဆောင်နီတွင် "ရှေးတော်တွင် **ကွမ်းခွက်** တည်သောအခါ အတင်တော်တွင် ကွမ်းခွက်ဆင့်၍တည်သည်" ၅

(၆) "ကွမ်းလောင်း **ကွမ်းခွက်**၊ မင်းရွက်မင်းဆောင်" ၆

(၇) "နှစ်သောင့် နှစ်သက်၊ **ကွမ်းခွက်** နှစ်ဖြာ" ၇

(၈) "**ကွမ်းခွက်** ကွမ်းလောင်း၊ မဆန်းတောင်းတွင်" ၈

ဟူ၍ မင်း၏အဆောင်တခုဖြစ်ကြောင်း အထောက်အထား အများပင်ရှိသည်။

ကွမ်းခွက်သည် မင်းသားတို့ အဆောင်အရွက် အပါအဝင်ဖြစ်ပုံကို ဖော်ပြသည့် အထောက်အထားများလည်း ရှိသည်။

(၁) "မင်းရဲသင်္ခယာကို ၁၀၄၅ ခု (အေဒီ ၁၆၈၃) **ကွမ်းခွက်** လက်ဖက်အိုဝ်လုပ်၍ ကြာနီကန်ရွာ" ကို ပေးသည် ၉။

---

၁။ တံတားဦးတည်မော်ကွန်း အပိုဒ် ၃၂ ( အေဒီ ၁၄၉၄ ခု )

၂။ အရေးတော်ပုံ ငါးစောင်တွဲ စာမျက်နှာ ၂၄၀

၃။ အရေးတော်ပုံ ငါးစောင်တွဲ စာမျက်နှာ ၂၇၉

၄။ အရေးတော်ပုံ ငါးစောင်တွဲ စာမျက်နှာ ၄၀၆

၅။ လောကဗျူဟာ စာမျက်နှာ ၂၇၅ (အေဒီ ၁၇၅၇ ခုခန့်တွင် ရေးသည်)

၆။ ရတနာကြေးမုံတတ္တ၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၂၊ စာမျက်နှာ ၄၂-၃။ (အေဒီ ၁၇၅၃ ခု နောက်ရေးသည်)

၇။ အဘိရုကပျို့ အပိုဒ် ၁၅၆ (အေဒီ ၁၀၄၉ ခု ရေးသည်)

၈။ စန္ဒကိန္နရီပျို့ အပိုဒ် ၂၅ ( အေဒီ ၁၀၅၀ ခု ရေးသည် )

၉။ ကျေးရွာအဆောင် ခေါ်ဝမ်း ၈

(၂) သက္ကရာဇ် ၁၀၇၃ ခု တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက် တနင်္ဂနွေနေ့ (၂၂ အောက်တိုဘာ ၁၇၁၁)[1] အိမ်ရှေ့နှင်းအခမ်းအနားဌ် အဆောင်အယောင်ကို "**ကွမ်းခွက်တော်**၊ သောက်ရေတော်၊ လက်ဘက်အိုးတော် နောက်တော်ပါသွင် လိုက်၍ နေရာတော်သင်ဖြူးတွင် နေတော်မူလျှင်... ကွမ်းခွက်တော်ကို ဇေယျနန်းသူသား တောင်ကိုင်၍ နန်းတော်ဦးရှေ့တော်တူရူ လက်တင်တံခါးက ဝင်၍... စာကိုလျှောက်ပြီးလျှင် ဘဝရှင်မင်းတရားကြီးကို **ဦးချ**၍ အိမ်ရှေ့မင်းကို ဆက်သည်။ အိမ်ရှေ့ မင်းလည်း ခမည်းတော်ဘုရားကို ဦးချတော်မူပြီးမှ ယူတော်မူ၍ **ကွမ်းခွက်**တော်တွင် ထားသည်"၊[2]

(၃) မင်းရဲသခ်ယာကို "၁၀၈၄ ခု (အေဒီ ၁၇၂၂) **ကွမ်းခွက်** လက်ဘက်အိုးလုပ်၍ ဆောင် ကျိုင်း ဆင်စွယ်ချက် ၂ခံ" ဆောင်စေသည်[3]

(၄) မင်းရဲနန္ဒသူကို "၁၀၈၂ ခု (အေဒီ ၁၇၃၀) လက်ဘက်အိုဝ် ၈ ထောင့်" လုပ်၍ ဆောင် စေသည်။[4]

(၅) မင်းရဲရန်နောင်ကို ၁၀၈၂ ခု (အေဒီ ၁၇၃၀) တွင် "**ကွမ်းခွက်** လက်ဘက်အိုဝ် ၈ ထောင့် လုပ်၍ဆောင်" စေသည်။[5]

(၆) မင်းရဲရန္တသူကို ၁၀၈၂ ခုတွင် "**ကွမ်းခွက်** လက်ဘက်အိုဝ် ၈ ထောင့်လုပ်၍ဆောင်" စေသည်။[6]

(၇) မင်းရဲနန္ဒမိတ်ကို ၁၀၈၆ ခု (အေဒီ ၁၇၃၄) တွင် "**ကွမ်းခွက် လက်**ဘက်အိုဝ် ၈ ထောင့်လုပ်၍ ဆောင်" စေသည်။[7]

(၈) မင်းရဲနရာသီဟကို ၁၀၈၆ ခုတွင် "**ကွမ်းခွက်** လက်ဘက်အိုဝ်လုပ်၍ဆောင်" စေသည်။[8]

(၉) မင်းရဲစည်သူကို ၁၀၈၆ ခုတွင် **ကွမ်းခွက်** လက်ဘက်အိုဝ် လုပ်၍ဆောင်" စေသည်။[9]

(၁၀) မင်းရဲနရာကို ၁၀၈၆ ခုတွင် "**ကွမ်းခွက်**လက်ဘက်အိုဝ် ၈ ထောင့်လုပ်၍ဆောင်" စေသည်။[10]

(၁၁) မင်းရဲမင်းလှငယ်ကို ၁၀၈၈ ခု (အေဒီ ၁၇၃၆) တွင် "**ကွမ်းခွက်** လက်ဘက်အိုဝ်၍ ၈ ထောင့် လုပ်၍ဆောင်" စေသည်။[11]

---

၁။ ထန်ဆောင်မုန်းလဆန်း ၈ ရက်နေ့သာလျှင် တနင်္ဂနွေနေ့ဖြစ်သည် (လပြည့်ကျော် ၈ ရက်ကား တနင်္လာဖြစ်သည်)

၂။ မှန်နန်း တတိယတွဲ စာမျက်နှာ ၃၅၅-၇

၃။ **ကျေးရွာအဆောင်** ခေါ်ကျော ၁

၄။ **ကျေးရွာအဆောင်** ခုကျော ၄

၅။ **ကျေးရွာအဆောင်** ခေ ဝမ်း ၁

၆။ **ကျေးရွာအဆောင်** ခေ ဝမ်း ၆

၇။ **ကျေးရွာအဆောင်** ခေကျော ၄

၈။ **ကျေးရွာအဆောင်** ခေကျော ၈

၉။ **ကျေးရွာအဆောင်** ခဲ ဝမ်း ၂

၁၀။ **ကျေးရွာအဆောင်** ခဲ ဝမ်း ၆

၁၁။ **ကျေးရွာအဆောင်** ခုကျော ၇

(၁၂) မင်းရဲမင်းယော်ကျော်ကို ၁၁၀၀ ခု(အေဒီ ၁၇၃၈)တွင် "**ကွမ်ခွက်** လက်ဘက်အိုဝ် ဂ ထောင့် တကောင်းပိတ်အတွက် ပတ္တမြားအပြည့်စီ ပေးသည်။"[၁]

(၁၃) မင်းရဲသခ်ယာကို၁၁၀၀ ခုတွင် "**ကွမ်းခွက်** လက်ဘက်အိုဝ် ဂ ထောင့်လုပ်၍ဆောင်"စေသည်။[၂]

(၁၄) သက္ကရာဇ် ၁၁၄၉ခု(အေဒီ ၁၇၈၇)တွင် ပုသိမ်မြို့စား မင်းရဲမြတ်စော လိုင်မြို့စား မင်းရဲမြတ်စွာ ကောလင်းမြို့စား မောင်ရွှေအုပ် ကလေးမြို့စား မောင်ဘညိုတို့လေးပါးကို နားထွင်းမင်္ဂလာအတွက် လုပ်ရသော အဆောင်အယောင်တို့ကား "**ကွံးခွက်** လဘက်အိုးကျပ်မြင့်မိုဆင်ပေါင်းဝန်း"[၃] တို့ ဖြစ်ပါသည်။

(၁၅) သက္ကရာဇ် ၁၂၁၆ ခုတွင်နတ်မောက်မင်းသားကိုပေးသည့် အဆောင်အရွက်တွင်"**ကွမ်းခွက်** လက်ဘက်အိုးတကောင်းပိတ်ရှစ်ထောင့်ပယင်းတပ်"[၄] ပါသည်။

ဤသည်တို့ကား ကွမ်းခွက်သည်မင်းသား အဆောင်အယောင်အပါဝင်ဖြစ်ကြောင်း တွေ့ဘူးသမျှ အထောက်အထားတည်း။

ကွမ်းခွက်သည်မှူးမတ်တို့အဆောင်အရွက်တွင်ပါဝင်ကြောင်းအထောက်အထားတို့ကားများစွာရှိသည်။

(၁) သက္ကရာဇ် ၇၇၉ (အေဒီ ၁၄၁၇) တွင် ဘုရင်မင်းခေါင်က သမိန်အင်းဝနိုင်ကို "**ကွမ်းခွက်** လက်ဘက်အိုးတကောင်းဘုံးပို့ရလေသည်။"[၅]

(၂) သက္ကရာဇ် ၁၀၃၄ ခုတန်ခူးလဆန်း၉ရက်နေ့ "ဘယရန္တမိတ်ကို**ကွမ်းခွက်**လုပ်၍စား" စေသည်။[၆]

(၃) သက္ကရာဇ် ၁၀၅၂ ခုကဆုန်လပြည့်ကျော် ၃ရက်စနေနေ့ "အနောက်ဝင်းမှူး ကော်တော်ဘယကို **ကွမ်းခွက်**"ပေးသည်။[၇]

---

၁။ ကျေးရွာအဆောင် ခုဝမ်း ၅

၂။ ကျေးရွာအဆောင် ခေါ်ကျော၈

၃။ ကင်းပေ ၁၅၉၁ ၌ကျော ၉

၄။ ကုန်းဘောင်ဆက်၊ တတိယတွဲ စာမျက်နှာ ၁၉၃

၅။ မှန်နန်း ဒုတိယတွဲ စာမျက်နှာ ၆၀

၆။ မှန်နန်း တတိယတွဲ စာမျက်နှာ ၂၉၅

၇။ မှန်နန်း တတိယတွဲ စာမျက်နှာ ၃၁၅

(၄) သက္ကရာဇ် ၁၀၅၂ခု ဒုတိယဝါဆိုလဆန်း၁၄ရက်တွင် ဇလယော်ဓါကို ဗညာဖြဲဘွဲ့ပေး၍ **ကွမ်းခွက်** လည်း ပေးသည် [၁]။

(၅) သက္ကရာဇ် ၁၀၅၅ ခု ဝါဆိုလဆုတ်၃ရက်တနင်္လာနေ့တွင်"ရမ္မယော်ဓါကို**ကွမ်းခွက်**ကျိုင်းနှစ်သစ်ခံ ကော်တော်ရန္တမိတ်ကိုကွမ်းခွက်ကျိုင်းနှစ်သစ်ခံ"ပေသည်။ [၂]

(၆) သက္ကရာဇ် ၁၀၆၀ ခု ဒုတိယဝါဆိုလဆန်း ၅ရက် တနင်္လာနေ့တွင်"ဇေယျရန္တသူကို**ကွမ်းခွက်**ကျိုင်း လေးသစ်ခံ ဘယရာဇသူကို **ကွမ်းခွက်**"ပေးသည်။[၃]

(၇) သက္ကရာဇ် ၁၀၇၆ ခုတွင် မဟာနန္ဒသကြံကို "**ကွမ်းခွက်** လက်ဖက်အိုဝ် ကျုတ်ခွက် အစုံ ကျိုင်း ဆင်စွယ်ချက် ၂ ခံ"ပေးသည်။[၄]

(၈) သက္ကရာဇ် ၁၀၈၅ခုတွင် စည်သူကျော်ထင်ကို "**ကွမ်းခွက်** လဖက်အိုဝ်လုပ်၍ဆောင်"**စေသည်**။[၅]

(၉) သက္ကရာဇ် ၁၀၈၈ ခုတွင် ဥဒိန်ရာဇာကို "စည်ကူမြို့ **ကွမ်းခွက်** လက်ဖက်အိုဝ် လုပ်၍ဆောင်" စေသည်။[၆]

(၁၀) သက္ကရာဇ် ၁၀၉၁ခုတွင် ဘယကာမဏိကို"**ကွမ်းခွက်** လက်ဖက်အိုဝ်လုပ်၍ဆောင်"စေသည်။[၇]

(၁၁) သက္ကရာဇ် ၁၀၉၂ ခုတွင် လက်ဝဲစည်သူကို "**ကွမ်းခွက်** လက်ဖက်အိုဝ်လုပ်၍ဆောင်" စေသည်။

(၁၂) သက္ကရာဇ် ၁၀၉၃ ခုတွင် သက်တော်ရှည်ကို"**ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ဆောင်"**စေသည်**။[၈]

(၁၃) "စတုကာမဏိကို ၁၀၉၇ ခု နန္ဒသီဟတွင်စေ **ကွမ်းခွက်**လက်ဖက်အိုဝ် တကောင်းပိတ်ငွေထွေးအင် ကျိုင်းဆင်စွယ်ချက် ၂ခံ"ပေးသည်။[၁၀]

---

၁။ မှန်နန်း တတိယတွဲ စာမျက်နှာ ၃၂၁

၂။ မှန်နန်း တတိယတွဲ စာမျက်နှာ ၃၁၉

၃။ မှန်နန်း တတိယတွဲ စာမျက်နှာ ၃၂၆

၄။ ကျေးရွာအဆောင် ခံဝမ်း ၁

၅။ ကျေးရွာအဆောင် ကံဝမ်း ၁

၆။ ကျေးရွာအဆောင် ကော်ဝမ်း ၆

၇။ ကျေးရွာအဆောင် ကော်ကျော ၄

၈။ ကျေးရွာအဆောင် ကံကျော ၈

၉။ ကျေးရွာအဆောင် ကာဝမ်း ၆

၁၀။ ကျေးရွာအဆောင် ကံကျော ၄

(၁၄) သက္ကရာဇ် ၁၀၉၈ခုတွင် လက်ဝဲနန္ဒမိတ်ကို "**ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ဆောင် ပေါင်းနိုပန်း၇" ပေးသည်။[၁]

(၁၅) သက္ကရာဇ် ၁၀၉၈ခုတွင် ဘယကျော်သူကို "**ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ဆောင်"စေသည်။[၂]

(၁၆) သက္ကရာဇ် ၁၀၉၈ ခုတွင် ဇေယရန္တမိတ်ကို "ပေါင်းနိုပန်း၅ **ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ဆောင်" စေသည်။[၃]

(၁၇) သက္ကရာဇ် ၁၀၉၈ ခုတွင်·လက်ဝဲပျံချီကို "**ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ဆောင်"စေသည်။[၄]

(၁၈) သက္ကရာဇ် ၁၁၀၀ ခုတွင် ရန္တမိတ်ကို "**ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ဆောင်"စေသည်။[၅]

(၁၉) သက္ကရာဇ် ၁၁၀၀ ခုတွင် လကျ်ာနန္ဒမိတ်ကို "**ကွမ်းခွက်** လက်ဖက်အိုဝ်လုပ်၍ဆောင်"စေသည်။[၆]

(၂၀) သက္ကရာဇ် ၁၁၀၀ ခုတွင် ဘယနန္တမိတ်ကို "**ကွမ်းခွက်** လက်ဖက်အိုဝ်လုပ်၍ဆောင်"စေသည်။[၇]

(၂၁) သက္ကရာဇ် ၁၁၀၀ခုတွင် လက်ဝဲကျော်သူကို "**ကွမ်းခွက်** လက်ဖယ်အိုဝ်လုပ်၍ဆောင်"စေသည်။[၈]

(၂၂) သက္ကရာဇ် ၁၁၀၀ ခုတွင် လကျ်ာဘိနန်သူကို "**ကွမ်းခွက်** လက်ဖက်အိုဝ်လုပ်၍ဆောင်"စေသည်။[၉]

(၂၃) သက္ကရာဇ် ၁၁၀၀ ခုတွင်ဥဒိန်ကျော်သူကို "**ကွမ်းခွက်** လက်ဘက်အိုဝ်လုပ်၍ဆောင်" စေသည်။[၁၀]

(၂၄) သက္ကရာဇ် ၁၁၀၀ ခုတွင် လက်ဝဲရဲတိုင်ကို"**ကွမ်းခွက်**လက်ဘက်အိုဝ်လုပ်၍ဆောင်" စေသည်။[၁၁]

(၂၅) သက္ကရာဇ် ၁၁၀၁ ခုတွင် ဘယယော်ဓါကို"**ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ ဆောင်"စေသည်။[၁၂]

---

၁။ **ကျေးရွာအဆောင်** ကားကျော၅

၂။ **ကျေးရွာအဆောင်** ခဝမ်း ၇

၃။ **ကျေးရွာအဆောင်** ခကျော ၈

၄။ **ကျေးရွာအဆောင်** ခါဝမ်း ၃

၅။ **ကျေးရွာအဆောင်** ခကျော ၃

၆။ **ကျေးရွာအဆောင်** ခါဝမ်း ၈

၇။ **ကျေးရွာအဆောင်** ခါကျော ၂

၈။ **ကျေးရွာအဆောင်** ခိကျော ၆

၉။ **ကျေးရွာအဆောင်** ကားကျော ၈

၁၀။ **ကျေးရွာအဆောင်** ခဝမ်း ၃

၁၁။ **ကျေးရွာအဆောင်** ခိဝမ်း ၃

၁၂။ **ကျေးရွာအဆောင်** ခိဝမ်း ၆

(၂၆) သက္ကရာဇ် ၁၁၀၁ ခုတွင် ဘယရာဇသူကို“**ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ဆောင်”**စေသည်**။[၁]

(၂၇) သက္ကရာဇ် ၁၁၀၁ ခုတွင် လကျ်ာရန္တမိတ်ကို “**ကွမ်းခွက်**လက်ဖက်အိုဝ်လုပ်၍ **ဆောင်**” စေသည်။[၂]

(၂၈) စနည်းဘဝေါတို့သွားခင်းလာခင်းရှိလျှင်“**ကွမ်းခွက်**လက်ဘက်အိုးကိုပဝါဖြူအမြိတ်နှစ်ဖက်နှင့်ထုပ်၍ ရေတကောင်းပဝါနီအုပ်အောက်ကဆောင်သည်။”[၃]

(၂၉) ဒူးနေရာနေတို့သည်“**ကွမ်းခွက်**ရလျှင် **ကွမ်းခွက်**ကို ပုဝါနီအုပ်၍ ဆောင်သည် ... သွားလာခင်းရှိ၍ **ကွမ်းခွက်**လက်ဘက်အိုးတကောင်းဖုံးမဆောင်မယူ”[၄]

(၃၀) ဒူးနေသို့ရောက်လျှင်“ကျိုင်းဆင်စွယ်ငှသစ်ခံ**ကွမ်းခွက်**လက်ဘက်အိုဝ်အဝန်းပေသည်”[၅]

(၃၁) မှူးတော်မတ်တော်တို့မှာဒူးနေရာသို့ရောက်၍**ကွမ်းခွက်**ပေးပြီးမှမြင်းကကိုင်းညောင်ရွက်ရသည်။[၆]

(၃၂) သည်နောက် ဒူးနေရာသို့ရောက်လျှင် ကျိုင်းကြီးငယ် ဆင်စွယ်ချက်ချိတ်တိုက် အနီလေးသစ်ခန့်ကို ပေး၍ ကျိုင်းရိုးနှဲတွင် တပ်၍ဆောင်သည်၊ သည်နောက် **ကွမ်းခွက်** လက်ဘက်အိုး အဝန်းပေး၍ ဆောင်သည်။[၇]

(၃၃) သားကြီးဩရဿသည် “ပရိဘုတ္တံ၊ အဘသုံးဆောင်သော။ တမ္ဗုလဘာဇနဉ္စ၊ ကွမ်းလောင်းကွမ်းကျုပ် **ကွမ်းခွက်** ကိုလည်းကောင်း” ရအပ်၏။[၈]

(၃၄) “ရွှေထီး ရွှေနန်း အဆက်ဆက် အဆောင်အရွက် ပေးတော်မူလျှင် **ကွမ်းခွက်** လက်ဘက်အိုး တကောင်းပိတ်နှင့် ( ထွေးအင် ) အတူမဟုတ်၊ ထွေးအင်မှာ နောက်မှပေးသည် ဖြစ်၍ စာချွန် တစောင်ပင် ဖြစ်သည်”။[၉]

---

၁။ ကျေးရွာအဆောင် ခါကျော ၄

၂။ ကျေးရွာအဆောင် ခါကျော ၇

၃။ လောကဗျူဟာ စာမျက်နှာ ၂၉၃

၄။ လောကဗျူဟာ စာမျက်နှာ ၂၉၃

၅။ ကျေးရွာအထောင် ကေကျော ၂

၆။ လောကဗျူဟာ စာမျက်နှာ ၂၀၇

၇။ လောကဗျူဟာ စာမျက်နှာ ၂၀၂

၈ အမွေမှုခန်းဓမ္မသတ်ကြီး စာမျက်နှာ ၈၄

၉။ ရွှေဘုံနိဒါန်း အပိုဒ် ၁၅ စာမျက်နှာ ၁၂

(၃၅) သက္ကရာဇ် ၁၂၃၁ ခုတွင် **ကန္နီအတွင်းဝန်** မင်းကြီးမဟာမင်းခေါင်သင်္ခယာ၊ ဆောမြို့စားအတွင်းဝန်မင်းကြီး မဟာမင်းလှစည်သူတို့ကို ပေးသည့် အစီးအနင်း အဆောင်အရွက်တွင် " **ကွမ်းခွက်** လက်ဘက်အိုးတကောင်းပိတ် ဂ ထောင့်ပယင်းတပ် " ပါသည်။[1]

(၃၆) သက္ကရာဇ် ၁၂၀၇ ခုတွင် ဝန်ကြီး မင်းကြီး မဟာသီဟသူ၊ မင်းကြီး မဟာမင်းခေါင်ကျော်စွာ၊ မင်းကြီး မဟာမင်းလှမင်းထင်၊ မင်းကြီး မဟာမင်းခေါင်ရာဇာတို့ကို ပေးသည့် အဆောင်အရွက်တွင် "**ကွမ်းခွက်** လက်ဘက်အိုးတကောင်းပိတ် ပယင်းတပ် " ပါသည်။[2]

(၃၇) သက္ကရာဇ် ၁၂၁၆ ခုတွင် ဝန်ကြီး သတိုးမင်းကြီး မင်းလှသီဟသူ၊ မင်းကြီး မဟာရာဇာသင်္ကြန်၊ သတိုးမင်းကြီး မဟာမင်းလှကျော်သူ၊ မင်းကြီး မဟာ မင်းလှစည်သူ တို့ကို သနားတော်မူသည့် အဆောင်အယောင်တွင် " **ကွမ်းခွက်** လက်ဘက်အိုး တကောင်းပိတ် ဂ ထောင့် ပယင်းတပ်" ပါသည်။[3]

(၃၈) သက္ကရာဇ် ၁၂၂၀ ခုတွင် လမိုင်းဝန်ထောက် မဟာမင်းလှရာဇာကိုပေးသည့် အဆောင်အရွက်တွင် "ကွမ်းခွက် လက်ဘက်အိုး တကောင်းပိတ် ဂ ထောင့် "ပါသည်။[4]

(၃၉) အရှေ့ပွဲတက်ကို တက်ရောက်သောအခါ နေရာတော်နေ မှူးမတ်တို့သည် " ဖောင်းနားရှောင်း ဝတ်လုံစလွယ် ဆင် ယင်လျက် **ကွမ်းခွက်** လက်ဘက်အိုးတကောင်းပိတ် ဆောင်ကြီး ရွက်ကြီး ကျိုင်းထိုးဆင်မြင်း" စသဖြင့် စီစဉ်ခင်းကျင်း၍ ထမ်းစင်စီးပြီး လာရသည်။[5]

(၄၀) နေရာတော်နေ တို့သည် "မနောလင်ပန်း **ကွမ်းခွက်** လက်ဘက်အိုးတကောင်းပိတ် ယပ်ရိုးရှည်များကိုသာ နေရာတော်သို့ ဆောင်ယူခင်းကျင်းထားရသည်"။[6]

(၄၁) သက္ကရာဇ် ၁၂၁၆ ခုတွင် အတွင်းဝန်မဟာမင်းကလေး မင်းကြီးမဟာသီဟသူ၊ မင်းလှ သီဟသူ တို့ကို " **ကွမ်းခွက်** လက်ဘက်အိုးတကောင်းပိတ်ရှစ်ထောင့် ပယင်းတပ် " ပေးသည်။[7]

(၄၂) သက္ကရာဇ် ၁၂၁၆ ခု လှေသင်းဝန်မင်းကြီး မဟာဇေယသင်္ခယာကိုပေးသည့် အဆောင်အရွက်တွင် "**ကွမ်းခွက်** လက်ဘက်အိုးတကောင်းပိတ် ရှစ်ထောင့် ပယင်းတပ် " ပါသည်။[8]

---

၁။ ကင်းပု / ၃၅၄

၂။ ကင်းပု / ၃၅၄

၃။ ကင်းပု / ၃၇၆

၄။ ကင်း / ၃၆၄

၅။ **ရွှေနန်းသုံး** အပိုဒ် ဂ စာမျက်နှာ ၁၃

၆။ **ရွှေနန်းသုံး** အပိုဒ် ဂ စာမျက်နှာ ၁၄

၇။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၁၀၄

၈။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၁၉၅

ဟူ၍ မှူးမတ်တို့အဆောင်အယောင်တွင် တခုအပါအဝင်ဖြစ်ကြောင်း အထောက်အထားတို့ကို တွေ့ရပါသည်။

ကတော်မယားတို့ အဆောင်အရွက် ဖြစ်ကြောင်းကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(၁) ကတော်မယားတို့ မှာလည်း သနားတော်မြတ်ခံရသည့် မြိတ်ရစ် မြိတ်ခံ အဆင်တန်ဆာများကို ဆင်ယင်ပြီးလျှင် စည်၊ လုလင်စည်၊ ဆောင်ထီး၊ **ကွမ်းခွက်**၊ လဘက်အိုးတကောင်းပိတ်ကို ကျင်းပလျက် အနောက်ပွဲတက် ကန်တော့ခံကိုတက်ရသည်။[၁]

(၂) အမေးတော်ခံ ကတော်ကြီးတို့ အဆောင်အရွက်တွင် "**ကွမ်းခွက်** လဘက်အိုး။ တကောင်းပိတ်ရှစ်ထောင့် ပယင်းတပ်။ ကွမ်းလိပ် ၃မြွာပယင်းတပ်"ပါသည်[၂]

(၃) ကတော်ကြီးတို့သည်လည်း "**ကွမ်းခွက်** လဘက်အိုး တပေါင်းပိတ်ရှစ်ထောင့် ပယင်းတပ်" စသည်ဖြင့် ရရှိသည်[၃]

(၄) ရွှေသွယ်နေရာ နေရာတို့သည် အဆောင်အယောင်တွင် "**ကွမ်းခွက်** လက်ဘက်အိုး တကောင်းပိတ်ရှစ်ထောင့်" ပါသည်[၄]

(၅) သက္ကရာဇ် ၁၂၃၄ ခုတွင် ကင်းဝန်မင်းကြီး မဟာစည်သူကတော်ကို ပေးသောအဆောင်အရွက်တွင် "ကွမ်းခွက်လဘက်အိုးတကောင်းပိတ် ၈ ထောင်ပယင်းတပ် ကွမ်းလိပ် ၃ မြွာ"ပါသည်[၅]

## (ခ) ကွမ်းခွက်အဝန်း

**ကွမ်းခွက်အဝန်း** (ပုံ၊ ၆) မှာ မှူးမတ်စော်ဘွားမြို့စားတို့ အဆောင်အရွက်ဖြစ်သည်။ ရွှေသားသက်သက်နှင့်သာ လုပ်သည်ဟုဆိုသည်။[၆]

(၁) "ရွှေကျပ်လက်ဘက်အိုဝ် သနားတော်မူရင်း တိုးလျှင် **ကွမ်းခွက်အဝန်း** လက်ဘက်အိုး တိုးလျှင် လေးထောင့်"[၇]

(၂) "ဒူးနေရာသို့ရောက်လျှင် **ကွမ်းခွက်အဝန်း** ရလျှင်" ထားပေးသည်[၈]

---

၁။ ရွှေနန်းသုံး အပိုဒ် ၁၀ စာမျက်နှာ ၁၇

၂။ ရွှေနန်းသုံး အပိုဒ် ၁၄ စာမျက်နှာ ၂၀

၃။ ရွှေနန်းသုံး အပိုဒ် ၁၅ စာမျက်နှာ ၂၁

၄။ ရွှေနန်းသုံး အပိုဒ် ၁၆ စာမျက်နှာ ၂၃

၅။ ကင်းပုံ/ ၃၄၇

၆။ ရွှေဘုံနိဒါန်း အပိုဒ် ၁၅ စာမျက်နှာ ၁၆

၇။ ကျေးရွာအဆောင် ကောကျော ၃

၈။ လောကဗျူဟာ စာမျက်နှာ ၂၇၈

(၃) "ရှမ်းပြည်စော်ဘွားမြို့စားတို့မှာ ကွမ်းခွက်အဝန်း စ၍ပေးသည်"[၃]

(၄) သုံးဆယ်စား လဲချားစားတို့မှစ၍ မြို့စုစားတို့မှာ "ရွှေကျပ်လက်ဘက်အိုးအဝန်း စ၍ ပေးသည်။ သည်နောက် **ကွမ်းခွက်အဝန်း** ပေးသည်"[၂]

ဟူ၍ ကွမ်းခွက်အဝန်းသည် မှူးမတ်စော်ဘွားမြို့စားတို့ အဆောင်အရွက်ဖြစ်ကြောင်းကို တွေ့ရသည်။

## (ဂ) **လေးထောင့်ကွမ်းခွက်**

ကွမ်းခွက်လေးထောင့်ကား မှူးမတ်တို့ အဆောင်အရွက်ဖြစ်သည်။

(၁) "**လေးထောင့်ကွမ်းခွက်** အဝန်းကွမ်းခွက်မှာ ရွှေသားသက်သက်သာ လုပ်ဆောင်သည်"[၄]

(၂) တိုးလျှင် ကွမ်းခွက်အဝန်းလက်ဘက်အိုဝ် တိုးလျှင် လေးထောင့် တိုးလျှင် ဂ ထောင့်[၅]

(၃) စည်သူကျော်ထင်ကို "သက္ကရာဇ် ၁၀၉၀ ခု **ကွမ်းခွက်** လေးထောင့်လုပ်၍ဆောင်"စေဘည်[၃] ဟူ၍ ပါရှိသည်။

## (ဃ) **ရှစ်ထောင့်ကွမ်းခွက်**

ရှစ်ထောင့် ကွမ်းခွက်ကား မင်းမှစ၍ စော်ဘွားမြို့စား မှူးမတ်ကတော်မယားတို့ အဆောင်အရွက်တွင် ပါဝင်သည်။ ရွှေသားသက်သက်လည်းရှိ၏ မှန်တပ် ပယင်းတပ် ပတ္တမြားတပ်လည်း ရှိသည်။[၆]

ကုန်းဘောင်ခေတ်၌ မင်း၏အဆောင်အဖြစ် လက်ျာမင်းခမ်းတော်များတွင် ရှစ်ထောင့်ကွမ်းခွက် (ပုံ ၇) ကို တွေ့ရသည်မှာ

(၁) ရွှေကောင်း ရွှေမြှောင့်၊ **ရှစ်ထောင့်** ရောင်လျှံ၊ ခြသေ့ခံဟု၊ မင်းစံရည်ညက်၊ ကွမ်းခွက်နှစ်ဆူ[၇]

(၂) ခြူးပေါင်းပုလဲ၊ သန္တာဆွဲလျက်၊ ရဲရဲရောင်တက်၊ ကွမ်းခွက်ရှစ်ထောင့်[၀]

---

၁။ လောကဗျူဟာ စာမျက်နှာ ၂၀၂၊ ကျေးရွာအဆောင် ကောကျော ၃

၂။ လောကဗျူဟာ စာမျက်နှာ ၂၀၂

၃။ ရွှေဘုံနိဒါန်း အပိုဒ် ၁၅ စာမျက်နှာ ၁၆

၄။ ကျေးရွာအဆောင် ကောကျော ၄

၅။ ကျေးရွာအဆောင် ကဝမ်း ဂ

၆။ ရွှေဘုံနိဒါန်း အပိုဒ် ၁၆ စာမျက်နှာ ၁၆

၇။ ရွှေဘုံနိဒါန်း အပိုဒ် ၁၆ စာမျက်နှာ ၁၆

၈။ ရွှေဘုံနိဒါန်း အပိုဒ် ၁၆ စာမျက်နှာ ၁၇

(၃) ရောင်မောင်းသစ်သစ်၊ **ရှစ်ထောင့်ကွမ်းခွက်** ရောင်ညက်ချောမြွေ[3]

(၄) ရောင်ကောင်းရစ်မြှောင့်၊ **ရှစ်ထောင့်ကွမ်းခွက်**၊ ပြိုးပျက်ရောင်လျံ[2]

(၅) နဂါကွမ်းခွက်၊ လုပ်ချက်ရှစ်ထောင့်၊ စီမြှောင့်မျက်နှာ[4]

(၆) ရှစ်ထောင့်ငယ် ခြံရံ၊ နဂါးခံ- မျက်ပျံရွှေကွမ်းခွက် ကယ်နှင့်လေး[5]

(၇) မင်းစောင်းပြောင့်ပြောင့်၊ **ရှစ်ထောင့်ကွမ်းခွက်** လက်လက်ဖြိုးလျံ[6]

(၈) နဂါးခံ ကွမ်းခွက်၊ **ရှစ်ထောင့်ကွမ်းခွက်**

(၉) "ရတနာမြှောင့်၊ ရှစ်ထောင့်လုပ်ရိုး၊ ကွမ်းခွက်မျိုးတွင်၊ **ကွမ်းအိုး** တင်ပြီး၊ မြသီးထည့်လျက်"[7] စသည်တို့ဖြစ်ပါသည်။

ရှစ်ထောင့်ကွမ်းခွက်ကို မင်းသားတို့ အဆောင်အရွက်အဖြစ် ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် တို့၌ တွေ့ရသည်။

(၁) မိဖုရားနှင့် ကိုယ်လုပ်တော်တို့တွင် မြင်သည့် မင်းသားတို့မှာ ပထမအဆင့်ကတက်လျှင် **"ကွမ်းခွက် ရှစ်ထောင့်** လက်ဘက်အိုး ကျိုင်းကြီးငယ် ရွှေချက်ပေး၍ ဆောင်သည်"[8]

(၂) မင်းညီမင်းသားတို့တွင် ဝေါဟာရသသူတို့ကို **"ကွမ်းခွက်** ကား **၈ ထောင့် အနား ပတ္တမြား** ၃ ရစ်စီ ပေးသည်"[9]

(၃) မင်းသားတို့မှာ **"ကွမ်းခွက်ရှစ်ထောင့်** လက်ဘက်အိုးရလျှင် ကွမ်းခွက်လက်ဘက်အိုးကို **နောက်က** ဆောင်သည်"[10]

---

၁။ **မုဒ္ဒါဘိသိက်မော်ကွန်း** အပိုဒ် ၂၁

၂။ **မဟာဇနကပျို့** အပိုဒ် ၈၁

၃။ **ကုသပျို့** အပိုဒ် ၁၄

၄။ မြဝတီဝန်ကြီးရေး လက်ျာမင်းခမ်းတော်ဘွဲ့၊ **ဂီတဝိတောဓနီကျမ်း** စာမျက်နှာ ၃၀

၅။ **မဃဒေဝလင်္ကာသစ်** အပိုဒ် ၆၆

၆။ **ရွှေနန်းသုံးဝေါဟာရအဘိဓါန်** အပိုဒ် ၈ စာမျက်နှာ ၁၂

၇။ ဒုတိယနဝဒေး (? ၁၁၈၅ ခန့်တွင် ရေးသော) **ရွှေနန်းဘွင့်မော်ကွန်း** အပိုဒ် ၁၈၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပေအမှတ် ၃၁၃၊ ခေါ်ဝမ်း ၅

၈။ **လောကဗျူဟာ** စာမျက်နှာ ၂၈၁။ **ကျေးရွာအဆောင်** ကေဝမ်း ၇

၉။ **လောကဗျူဟာ** စာမျက်နှာ ၂၈၁။ **ကျေးရွာအဆောင်** ကေဝမ်း ၆

၁၀။ **လောကဗျူဟာ** စာမျက်နှာ ၂၉၁

(၄) သက္ကရာဇ် ၁၀၉၂ ခုတွင် မင်းရဲရွှေတောင်ကို "**ကွမ်းခွက်ရှစ်ထောင့်** လက်ဘက်အိုဝ်တကောင် ပိတ်အထွတ် ပတ္တမြားစီလုပ်၍ဆောင်"စေသည်[၁]

(၅) သက္ကရာဇ် ၁၀၉၀ ခုတွင်မင်းရဲအောင်နိုင် ပယ်သူကြီးမြင်းမှူးကို"**ကွမ်းခွက်ရှစ်ထောင့်** လက်ဘက်အိုဝ်းလုပ်၍ဆောင်"စေသည်[၂]

(၆) သက္ကရာဇ် ၁၀၉၀ ခုတွင် မင်းရဲရာဇသူကို "**ကွမ်းခွက်ရှစ်ထောင့်** လက်ဘက်အိုဝ် လုပ်၍ ဆောင်" စေသည်[၃]

(၇) သက္ကရာဇ် ၁၀၉၀ ခုတွင် မင်းရဲနရာသူလံဘူ မြင်းမှူးကို"**ကွမ်းခွက်ရှစ်ထောင့်** လက်ဘက်အိုဝ်လုပ်၍ ဆောင်"စေသည်[၄]

(၈) သက္ကရာဇ် ၁၁၀၀ ခုတွင် မင်းရဲသီဟသူကို "**ကွမ်းခွက်ရှစ်ထောင့်** လက်ဘက်အိုဝ်လုပ်၍ ဆောင်" စေသည်[၅]

(၉) သက္ကရာဇ် ၁၁၀၀ ခုတွင် မင်းရဲကျော်ခေါင်ကို "**ကွမ်းခွက်ရှစ်ထောင့်** လက်ဘက်အိုဝ်ကြုတ်ခွက်အစုံ" ပေးသည်[၆]

(၁၀) သက္ကရာဇ် ၁၂၁၆ ခုတွင် ပြင်စည်မင်းသား၊ ညောင်အုပ်မင်းသား၊ချွန်းတောင်မင်းသား၊လှိုင်တက်မင်းသား၊ ထီးလင်းမင်းသား၊ ဆောမင်းသားတို့ကို "**ကွမ်းခွက်ရှစ်ထောင့်** မှန်တပ်၊ အနားပတ္တမြားနှစ်ရစ်စီ" ပေးသည်[၇]

(၁၁) သက္ကရာဇ် ၁၂၁၆ ခုတွင် မင်းတပ်မင်းသား၊ ပေါက်မြိုင် မင်းသား၊ ယင်းခဲမင်းသား၊ချွန်းတောင်မင်းသား သားမောင်ဘိုးကြီး၊ မိုးမြိတ်မင်းသား သားမောင်ခန်းမော်၊ မောင်လတ်၊ မောင်ဘိုး၊ မက္ခရာမင်းသား သားမောင်သန့်၊ ကောလင်းမင်းသား သား မောင်ဘိုးတို့ကို "**ကွမ်းခွက်ရှစ်ထောင့်** မှန်တပ်၊ ပတ္တမြားတရစ်စီ" ပေးသည်[၈]

စသဖြင့် ကွမ်းခွက်ရှစ်ထောင့်သည် မင်းသားတို့ အဆောင်အရွက် ဖြစ်ကြောင်းကို တွေ့ရပါသည်။

---

၁။ ကျေးရွာအဆောင် ခုကျော ၂

၂။ ကျေးရွာအဆောင် ခေါ်ဝမ်း ၁

၃။ ကျေးရွာအဆောင် ခေါကျော ၆

၄။ ကျေးရွာအဆောင် ခေါကျော ၇

၅။ ကျေးရွာအဆောင် ခုဝမ်း ၇

၆။ ကျေးရွာအဆောင် ခဲကျော ၄

၇။ ကုန်းဘောင်ဆက် တတိယတွဲ စာမျက်နှာ ၁၈၀

၈။ ကုန်းဘောင်ဆက် တတိယတွဲ စာမျက်နှာ ၁၈၂

စော်ဘွားမြို့စား မှူးမတ်တို့ အဆောင်အရွက်အဖြစ်ဖြင့် ရှစ်ထောင့် ကွမ်းခွက် (ပုံ ၈) ကို တွေ့ရပုံမှာ

(၁) ရှမ်းပြည်စော်ဘွား မြို့စားတို့မှာ ပထမ ကွမ်းခွက်အဝန်းရ၍ နောက် **ကွမ်းခွက် ရှစ်ထောင့်** ရသည်[၁]

(၂) သက္ကရာဇ် ၁၀၉၀ ခုတွင် နေမျိုးကျော်ထင်ကို **"ကွမ်းခွက် ရှစ်ထောင့်** လဘက်အိုဝ်လုပ်၍ဆောင်" စေသည်[၂]

(၃) သက္ကရာဇ် ၁၁၀၀ ခုတွင် နေမျိုးကျော်ထင်ကို **"ကွမ်းခွက်ရှစ်ထောင့်** ပယင်းတပ်လုပ်၍ ဆောင်" စေသည်[၃]

ဟူ၍ဖြစ်ပါသည်။

ကတော်ကြီးတို့ အဆောင်အရွက်တွင်လည်း ကွမ်းခွက်ရှစ်ထောင့် (ပုံ ၉) ပါသည်။ **"ကွမ်းခွက် ၈ ထောင့်** ပယင်းတပ်၊ ကွမ်းလိပ် ၃မြွာ" ရကြသည်။[၄]

## (င) ရှစ်မြှောင့်ကွမ်းခွက်

(၁) သက္ကရာဇ် ၁၀၆၀ ဒုတိယ ဝါဆိုလဆန်း ၅ ရက်နေ့တွင် သတိုးသီဟသူကို ပယင်းတပ်**ကွမ်းခွက် ရှစ်မြှောင့်** ပေးသည်[၅]

(၂) **ရှစ်မြှောင့်ကွမ်းခွက်** များသည် ကျောက်စီမှန်တပ် ပယင်းတပ်သာ ခြားနားကြသည်[၆]

(၃) လက်ျာမင်းခမ်းတော် ၁၃ ခုတွင် အဌရသ်စောင့်၊ **ရှစ်မြှောင့်** မင်းစံခံသီဟရွက်၊ ကွမ်းခွက်နှစ်ဖြာ[၇]

## (စ) တဆယ့်နှစ်မြှောင့်ကွမ်းခွက်

တဆယ့်နှစ်မြှောင့် ကွမ်းခွက်ကို မင်းသားတို့အဆောင်အနေနှင့်သာ တွေ့ဘူးသည်။ လုပ်ပုံမှာ "ခိုနန်းကွမ်းခွက် ထောင့်ချိုးကွမ်းခွက် **ဆယ့်နှစ်မြှောင့်ကွမ်းခွက်** ရှစ်မြှောင့်ကွမ်းခွက်များသည် ကျောက်စီမှန်တပ် ပယင်းတပ်သာ ခြားနားကြသည်။"[၈]

---

၁။ လောကဗျူဟာ စာမျက်နှာ ၂၈၂ ကျေးရွာအဆောင် ကေကျော ၃

၂။ ကျေးရွာအဆောင် ခံဝမ်း ၆

၃။ ကျေးရွာအဆောင် ခံကျော ၃

၄။ ကင်းပု / ၃၄၇

၅။ မှန်နန်း တတိယတွဲ စာမျက်နှာ ၃၂၇

၆။ ရွှေဘုံနိဒါန်း အပိုဒ် ၁၆ စာမျက်နှာ ၁၆

၇။ ကုသပျို့ အပိုဒ် ၁၃

၈။ ရွှေဘုံနိဒါန်း အပိုဒ် ၁၆ စာမျက်နှာ ၁၆

*BBHC*, I, ii. Dec. 1960

(၁) သက္ကရာဇ် ၁၂၁၆ ခုတွင် အိမ်ရှေ့မင်းညီတော် ကနောင်မင်းသားကိုပေးသည့် အဆောင်အယောင်တွင် "**ကွမ်းခွက် တဆဲ့နှစ်မြှောင့်** မှန်တပ်၊ အနား ပတ္တမြားသုံးရစ်စီ၊ **ကွမ်း**လိပ်သုံးမြှာ တဆယ့်နှစ်မြှောင့်မှန်တပ်၊ အနားပတ္တမြားသုံးရစ်စီ"[၁]

(၂) သက္ကရာဇ် ၁၂၁၆ ခုတွင် မင်းတုန်းမင်းသားကို "**ကွမ်းခွက်တဆဲ့နှစ်မြှောင့်** မှန်တပ်၊ အနား ပတ္တမြားသုံးရစ်စီ"[၂]

ဟူ၍ တွေ့ရှိရသည်။

## (ဆ) ထောင့်ချိုးကွမ်းခွက်

ထောင့်ချိုးကွမ်းခွက်ကို တနေရာတည်း၌သာလျှင် တွေ့ဘူးသည်။ "ခိုနန်းကွမ်းခွက်၊ **ထောင့်ချိုးကွမ်းခွက်**၊ ၁၂ မြှောင့်ကွမ်းခွက်၊ ရှစ်မြှောင့်ကွမ်းခွက် များသည် ကျောက်စီမှန်တပ် ပယင်းတပ်သာ ခြားနားသည်"[၃] ဟူ၍ တွေ့ရှိရသည်။

## (ဇ) ခိုနန်းကွမ်းခွက်

ခိုနန်းကွမ်းခွက်အကြောင်းကို **ရွှေဘုံနိဒါန်း** ထဲ၌သာလျှင် တွေ့ဘူးသည်။ ထောင့်ချိုးကွမ်းခွက်ကို ရှုပါ။

## (ဈ) တဆယ့်နှစ်ရာသီကွမ်းခွက်

တဆယ့်နှစ်ရာသီကွမ်းခွက် (ပုံ ၁၀) မှာ စော်ဘွားတို့အဆောင်အရွက် ဖြစ်သည်။

(၁) "ရှမ်းပြည် ယွန်းပြည်စော်ဘွားတို့မှာ ကွမ်းခွက်အဝန်းပေးသည်၊ နောက် ရှစ်ထောင့်ကွမ်းခွက်ကို ပေးသည်။ သည်နောက် **တဆယ့်နှစ်ရာသီကွမ်းခွက်** ပေးသည်"[၄]

(၂) သောင်သွပ်စော်ဘွားကို သက္ကရာဇ် ၁၂၂၀ ခုတွင် ပေးသည့် အဆောင်အရွက် စာရင်းတွင် "**ကွမ်းခွက်တဆဲ့နှစ်ရာသီ** ပတ္တမြားသုံးရစ်စီ" ပါသည်[၅]

## (ည) ပုံနန်းကွမ်းခွက်

ပုံနန်းကွမ်းခွက်မှာ မိဖုရားနှင့် မင်းသားများအဆောင်အရွက် ဖြစ်သည်။

(၁) "**ပုံနန်းကွမ်းခွက်** မှာ အိမ်ရှေ့မင်းအဆောင်၊ မိဖုရားအဆောင် ဖြစ်သည်"[၆]

---

၁။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၁၇၆

၂။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၁၇၉

၃။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၅ စာမျက်နှာ ၁၆

၄။ **လောကဗျူဟာ** စာမျက်နှာ ၂၀၂၊ **ကျေးရွာအဆောင်** ကေကျော ၃

၅။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၂၆၀

၆။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၅ စာမျက်နှာ ၁၆

(၂) "ညီတော် သားတော် ဝေါရသသူတို့မှာ **ကွမ်းခွက်ပုံနန်း** အနားပတ္တမြားသုံးရစ်" ရကြသည်[၁]

(၃) "အိမ်ရှေ့မင်းမှာ **ကွမ်းခွက်ပုံနန်း** ဇာဘောက်ပတ်လည် ပတ္တမြားစီ **အနား** ကျောက်ပတ္တမြား ၃ ရစ်စီ" ရကြသည်[၂]

(၄) အိမ်ရှေ့မင်း အဆောင်ပေးစာတမ်းတွင် **ပုံနန်းကွမ်းခွက်** ဟု လာသည်[၃] စသဖြင့် တွေ့ရှိရသည်။

## ( ၃ ) လက်တင်ကြားကွမ်းခွက်

လက်တင်ကြားကွမ်းခွက် (ပုံ ၁၁)မှာ လက်ဝဲမင်းခမ်းတော်ဖြစ်သည်။

(၁) "**လက်တင်ကြား** နှင့် နဂါးခံလျက်၊ ကွမ်းခွက်ရောင်ထပ်"[၄]

(၂) "ရောင်ပြေးဝိုးဝါး၊ **လက်တင်ကြား** နှင့် နဂါးကွမ်းခွက်"[၄]

(၃) "နောက်စဉ်မှာကား၊ **လက်တင်ကြား** နှင့်၊ ရှားကျီနိုင်းစုံ၊ ခြသေ့်ခံ ကွမ်းခွက်"[၅]

(၄) လက်ဝဲဘက်ကား၊ **လက်တင်ကြား** နှင့်၊ နဂါးကွမ်းခွက်"[၆]

(၅) "နောက်စဉ်မှာကား၊ **လက်တင်ကြားနှင့်**"[၇]

(၆) "ခြူးညွန့်ငယ်လျှပ်နွယ်၊ ဝင်းဝင်းငယ်ကယ်၊ ရှူဘွယ် **လက်တင်ကြား** ငယ်နှင့်လေး"[၈]

(၇) "ရွှေနန်းဘုံထက်၊ ဥကင်ချက်ဝယ်၊ **ကွမ်းခွက်ရောင်ကြွား**၊ **လက်တင်ကြား** တွင်၊ အောက်ကား ရောင်လျှံ၊ ခြသေ့်ခံတည့်"[၉]

---

၁။ **လောကဗျူဟာ** စာမျက်နှာ ၂၀၁။ **ကျေးရွာအဆောင် ကေဝမ်း** ၆

၂။ **လောကဗျူဟာ** စာမျက်နှာ ၂၀၀။ **ကျေးရွာအဆောင် ကေဝမ်း** ၅

၃။ **မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း** စတုတ္ထတွဲ စာမျက်နှာ ၆၅

၄။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၆ စာမျက်နှာ ၁၇

၅။ **မဟာဇနကပျို့** အပိုဒ် ၈၁

၆။ **မုဒ္ဓါဘိသိက်မော်ကွန်း** အပိုဒ် ၂၁

၇။ **ကုသပျို့** အပိုဒ် ၁၄

၈။ မြဝတီဝန်ကြီးရေး လက်ဝဲမင်းခမ်းဘွဲ့ **ဂီတဝိသောဓနီကျမ်း** စာမျက်နှာ ၃၀

၉။ **မဟာသုတသောမပျို့** အပိုဒ် ၂၅

(၈) “လက်ဝဲထင်ရှား၊ **လက်တင်ကြား** ဟု၊ ကြွားကြွားချင်းနွှဲ၊ သားမင်းခံသား၊ ဝင်းလျံပတ်ဘွယ်”[၁]

(၉) “ရွှေမှာစဉ်ငြား၊ **လက်တင်ကြား** နှင့်၊ ပတ္တမြား ကွမ်းခွက်”[၂]

(၁၀) “လက်ဝဲမင်းခမ်းတော်၊ **လက်တင်ကြားကွမ်းခွက်** တော်”[၃]

## (၅) ခြင်္သေ့ခံကွမ်းခွက်

ခြင်္သေ့ခံကွမ်းခွက် (ပုံ ၁၂) ကို အချို့ဆရာတို့က လက်ဝဲမင်းခမ်းတော်ဆို၍ အချို့ကမူ လက်ယာမင်းခမ်းတော် ဆိုကြသည်။ မူလက “ဝင်္ကရဇာပြည်၌ ဝိဇယဗာဟုမင်း လက်ထက် သုံးသည့်အဆောင်ဆိုသည်”[၄] လက်ျာမင်းခမ်းတော်အဖြစ် တွေ့ရသည်မှာ

(၁) “**ခြင်္သေ့ခံ**ဟု၊ မင်းစံရည်ညက်၊ **ကွမ်းခွက်**နှစ်ဆူ”[၅]

(၂) “**ခြင်္သေ့ခံ**လျက်၊ **ကွမ်းခွက်**ရတနာ”[၆]

(၃) “ရောင်ညက်ချောမွေ့၊ **ခြင်္သေ့ခံလျက်၊ ကွမ်းခွက်** မှန်စွာ”[၇]

(၄) “ရှစ်မြှောင့်မင်းစံ၊ **ခံသီဟရုက်၊ ကွမ်းခွက်** နှစ်ဖြာ”[၈] စသဖြင့် ဖြစ်ပါသည်။ လက်ဝဲမင်းခမ်းတော်အဖြစ်

(၁) “ရှားကျီနှိုင်းစံ၊ **ခြင်္သေ့ခံကွမ်းခွက်**”[၉]

(၂) “နောက်စင်မှာကား၊ လက်တင်ကြားနှင့်၊ မြိုင်ဖျားဘုန်းဟော့၊ **ခြင်္သေ့ခံကွမ်းခွက်**”[၁၀]

---

၁။ **အဘိရုကပျို့** အပိုဒ် ၁၅၇

၂။ **မဃဒေဝလင်္ကာသစ်** အပိုဒ် ၆၆

၃။ **ရွှေနန်းသုံး** အပိုဒ် ၈ စာမျက်နှာ ၁၂

၄။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၅ စာမျက်နှာ ၁၃

၅။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၆ စာမျက်နှာ ၁၆

၆။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၆ စာမျက်နှာ ၁၇

၇။ **မုဒ္ဒါဘိသိက်မော်ကွန်း** အပိုဒ် ၂၁

၈။ **ကုသပျို့** အပိုဒ် ၁၃

၉။ **မဟာဇနကပျို့** အပိုဒ် ၈၁

၁၀။ **ကုသပျို့** အပိုဒ် ၁၄

(၃) စိချယ်ပတ္တမြား ခြသေ့်ခံ၊ **ကွမ်းခွက်** ရောင်မောင်း"[၁]

(၄) "**ခြသေ့်ခံ ကွမ်းခွက်**"[၂] စသဖြင့် ဖြစ်ပါသည်။

( ၃ ) **နဂါးခံကွမ်းခွက်**

နဂါးခံကွမ်းခွက် (ပုံ ၁၃) ကို အချို့က လက်ျာမင်းခမ်း အချို့က လက်ဝဲမင်းခမ်း ဟူ၍ အမျိုးမျိုးဆိုကြသည်။ လက်ဝဲမင်းခမ်းတော်အဖြစ် အထောက်အထားကား

(၁) "လက်တင်ကြွားနှင့်၊ **နဂါးကွမ်းခွက်**"[၃]

(၂) "**နဂါးခံလျက်၊ ကွမ်းခွက်** ရောင်ထပ်"[၃]

(၃) "**နဂါးကွမ်းခွက်**၊ ရောင်လက်သလှပ်"[၄] စသဖြင့် တွေ့ရပါသည်။

လက်ျာမင်းခမ်းတော်အဖြစ် အထောက်အထားတို့ကား

(၁) "ပြိုးပြက်ရောင်လျှံ၊ **နဂါးခံကွမ်းခွက်**"[၅]

(၂) "ရှစ်ထောင့်ငယ် ခြံရံ၊ **နဂါးခံ** မျက်ပံ့ရွှေကွမ်းခွက်ကယ်နှင့်လေး"[၆]

(၃) "ရောင်ကြွားကြွားတည့်၊ နဂါခံ လျက်၊ **ရွှေကွမ်းခွက်**လည်း"[၇]

(၄) "မောင်းမောင်းနီလျှံ၊ **နဂါးခံ** ရှစ်ထောင့်"[၈]

(၅) လက်လက်ဖြိုးလျှံ၊ **နဂါးခံကွမ်းခွက်**"[၉]

---

၁။ **ဂီတဝိသောဓနီကျမ်း** စာမျက်နှာ ၃၀

၂။ **ရွှေနန်းသုံး** အပိုဒ် ၈ စာမျက်နှာ ၁၂

၃။ **ရွှေဘုံနိဒါန်း** အပိုဒ် ၁၆ စာမျက်နှာ ၁၇

၄။ **ကုသပျို့** အပိုဒ် ၁၃

၅။ **မဟာဇနကပျို့** အပိုဒ် ၈၁

၆။ မြဝတီဝန်ကြီး လက်ျာမင်းခမ်းဘွဲ့ **ဂီတဝိသောဓနီကျမ်း** စာမျက်နှာ ၃၀

၇။ **မဟာသုတသောမပျို့** အပိုဒ် ၂၆

၈။ **အဘိရူကပျို့** အပိုဒ် ၁၅၆

၉။ **မဃဒေဝလင်္ကာသစ်** အပိုဒ် ၆၆

(၆) **"နဂါးခံကွမ်းခွက်"** ၁

စသဖြင့် ဖြစ်ပါသည်။ နဂါးခံကွမ်းခွက်၏ မူလအစကား "တကောင်း သတိုး ၁၇ ဆက်၊ သတိုးနဂါးရမင်း လက်ထက် ဆောင်သည့်အဆောင် ဖြစ်သည်ဆိုသည်"။ ၂

## (ခ) နရားခံကွမ်းခွက်

နရားခံကွမ်းခွက်ကို စာပေ၌ တခါသာတွေ့ဘူးသေးသည်။ လက်ဝဲမင်းခမ်းတော်များ အဝင်အပါ ဖြစ်သည်။ နဂါးခံကွမ်း ခွက်နှင့် အတူတူပင် ဖြစ်မည်ထင်သည်။

(၁) "**နရားကွမ်းခွက်**၊ ရောင်လက်သလပ်" ဟူ၍ တွေ့ရသည်။ ၃

## (ဃ) ပယင်းတပ်ကွမ်းခွက်

(၁) "မိဖုရားတို့တွင်မြင်သည့် သား ယော်ရှယ်စဉ် အတွင်းတော်၌နေစဉ် **ကွမ်းခွက်** ပေးလျှင် မှန်တပ် **ပယင်း**တပ်၊ ကျောက်စီပေးသည်။" ၄

ဖော်ပြခဲ့ပြီးသည့် ကွမ်းခွက်တို့တွင် ရှစ်ထောင့်ကွမ်းခွက် ပယင်းတပ် စသဖြင့် တွေ့ခဲ့ရပြီ။

## (င) ပတ္တမြားကွမ်းခွက်။

(၁) "မိဖုရားတို့တွင် မြင်သည့် မင်းသား ကိုယ်လုပ်တော်တွင် မြင်သည့် မင်းသား တို့မှာ ... စည်နီ ၇ပေးသည်၊ သည်နောက် **ကွမ်းခွက်**ပတ္တမြား တရစ်စီတဆင့် နှစ်ရစ်သုံးရစ်စီပေးသည်"။ ၅

(၂) ရှမ်းပြည် ယွန်းပြည် စော်ဘွားတို့မှာ တဆယ့်နှစ်ရာသီ ကွမ်းခွက် ရပြီးသည့်နောက် "ကျောက် ပတ္တမြားစီကို ပေးသည်။" ၆

(၃) "**ပတ္တမြားကွမ်းခွက်**၊ ထိန်လက်သလပ်" ၇

---

၁။ ရွှေနန်းသုံး အပိုဒ် ဂ စာမျက်နှာ ၁၂

၂။ ရွှေဘုံနိဒါန်း အပိုဒ် ၁၅ စာမျက်နှာ ၁၃

၃။ မဟာ့ဒါဘိသိက်မော်ကွန်း အပိုဒ် ၂၁

၄။ လောကဗျူဟာ စာမျက်နှာ ၂၀၇

၅။ လောကဗျူဟာ စာမျက်နှာ ၂၀၁

၆။ လောကဗျူဟာ စာမျက်နှာ ၂၀၂၊ ကျေးရွာအဆောင် ကေကျော ၃

၇။ မယာဒေဝလက်ာသစ် အပိုဒ် ၆၆

ပေါ်ပြခဲ့ပြီးသည့် ကွမ်းခွက်တို့တွင် ရှစ်ထောင့်ကွမ်းခွက် ပတ္တမြားစီ၊ တဆယ့်နှစ်မြှောင့် ပတ္တမြားစီ စသဖြင့် တွေ့ခဲ့ရပြီ။

(ထ) **မှန်တပ်ကွမ်းခွက်**

(၁) မိဖုရားတို့တွင် မြင့်သည့် သား ငယ်ရွယ်စဉ် အတွင်းတော်၌နေစဉ် ကွမ်းခွက် ပေးလျှင် **မှန်တပ်** ပယင်းတပ်၊ ကျောက်စီပေးသည်။[၁]

(၂) သက္ကရာဇ် ၁၁၀၀ ခုတွင် "ရာဇသံစာကို မှုကား ပတ္တမြားသုံးရစ်စီ **မှန်တပ် ကွမ်းခွက်** တွင် ထည့်သည်"[၂]

အခြားပတ္တမြားစီ ကွမ်းခွက်များလည်း တွေ့ခဲ့ဘူးပြီ။

ကွမ်းခွက်ကို ခြုံ၍ပြောရမည်ဆိုသော် အဆောင်ပေးတွင် ပထမ ကွမ်းခွက်အဝန်းကစ၍ လေးထောင့်သို့တက်၊ ထိုမှ ရှစ်ထောင့်၊ နောက် ရှစ်ထောင့်ပယင်းတပ်၊ ကျောက်တရစ်စီ၊ တိုးလျှင် နှစ်ရစ်စီ စသဖြင့် ဖြစ်ပါသည်[၃] ။ စော်ဘွား မြို့စားတို့မှာ ကွမ်းခွက်ရှစ်ထောင့်က တိုးသော် တဆယ့်နှစ်ရာသီကွမ်းခွက်၊ တိုးသော် ပတ္တမြားစီ ရကြသည်။ ရှစ်မြှောင့်နှင့် တဆယ့်နှစ်မြှောင့် ကွမ်းခွက်တို့မှာ မင်းသားကြီးတို့အဆောင် ဖြစ်ဟန်တူသည်။ ပုံနန်း ကွမ်းခွက်မှာ မိဖုရားနှင့် အိမ်ရှေ့မင်း၊ မိဖုရားတို့တွင် မြင့်သည့် မင်းသားတို့အဆောင် ဖြစ်သည်။ မင်းခမ်းတော်တွင် ပါသည့် ကွမ်းခွက်တို့ကား ရှစ်ထောင့်၊ လက်တင်ကြား၊ ခြသေ့ခံ၊ နဂါးခံ၊ နရားခံတို့ဖြစ်သည်။

ကွမ်းခွက်ကို သုံးသည့်နည်း တနည်း ရှိသေး၏။ ယင်းကား တံဆိပ်နာမံတော်၊ ယွမ်းပေါင် ပုရပိုက်နှင့် ရာဇသံ ထည့်ရန် ဖြစ်သည်။

(၁) သက္ကရာဇ် ၁၂၁၆ ခု နယုန်လပြည့်ကျော် ၆ ရက် (၁၆ ဂျွန် ၁၈၅၄) တွင် "သီရိသုဓမ္မ ပဝရမဟာရာဇာဓိရာဇာ မည်သော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား တံဆိပ် နာမတော်ကို မြတပ်ပတ္တမြားအပြည့်စီ **ရှစ်ထောင့်ကွမ်းခွက်** (ပုံ ၁၄) တွင်တင်၍[၄] အတွင်းဝန် လောင်းရှည်မြို့စား ဘတ်လျှောက်ပြီးလျှင် ညောင်အုပ်မင်းသား ပိုက်ချီ ဆက်သရ၏။ သီရိပဝရ မဟာရာဇိန္ဒာ ရတနာဒေဝီ မည်သော မိဖုရားခေါင်ကြီးဘုရားနာမတော်ကိုလည်း မြတပ်ပတ္တမြား အပြည့်စီ **ရှစ်ထောင့်ကွမ်းခွက်** တွင် တင်၍ အတွင်းဝန် ခန်းပတ်မြို့စား ဘတ်လျှောက်ပြီးလျှင် လှိုင်းတက်မင်းသား ဆက်သရ၏။

(၂) သက္ကရာဇ် ၁၁၄၅ ခု ဒုတိယဝါဆိုလဆန်း ၁၅ ရက်နေ့ (၁၃ ဇူလိုင် ၁၇၈၃) အိမ်ရှေ့ နှင်းသည်တွင် "အိမ်ရှေ့ နှင်းတော်မူသည်၊ ယွန်းပေါင်ပုရပိုက်တွင် ရေးသည့်စာကို ဘတ်ပြီးလျှင် အိမ်ရှေ့မင်းကို ဆက်ရသည်။ ဘုန်းတော်ကြီးသော အရှင်လည်း ယွန်းပေါင်ပုရပိုက်ကို လှမ်းယူ၍ ပြီးမှ စားတော် **ကွမ်းခွက်** တွင် ထားသည်။[၅]

---

၁။ လောကဗျူဟာ စာမျက်နှာ ၂၀၇၊ ကျေးရွာအဆောင် ကကျော ၃

၂။ မှန်နန်း ထတိယတွဲ စာမျက်နှာ ၃၀၃

၃။ ကျေးရွာအဆောင် ကောကျော ၄

၄။ ကုန်းဘောင်ဆက် တတိယတွဲ စာမျက်နှာ ၁၉၀

၅။ မြန်မာမဟာမင်္ဂလာ မင်းခမ်းတော် မန္တလေးမြို့ မြန်မာတာရာ သတင်းစာပုံနှိပ်တိုက်၊ ၁၉၀၅ ခု စာမျက်နှာ ၃၆ မှန်နန်း တတိယတွဲ စာမျက်နှာ ၃၅၇ ကိုရှု

ဟူ၍ တွေ့ရှိရသည်။ ရာဇသံစာကို ပတ္တမြားသုံးရစ်စီ မှန်တပ် **ကွမ်းခွက်** တွင် ထည့်ကြောင်း အထက်က ဖော်ပြပြီး ဖြစ်ပါသည်။

**၁၀။ ကွမ်းတလား**

မင်းဆောင်မင်းရွက်ဖြစ်၍ ၁၅ရာစု ကုန်ချိန်လောက်က အဝတန်တားဦး အရပ်နှင့်ဆိုင်သော မှတ်တမ်းနှစ်မျိုး၌သာ တွေ့ဘူးသည်။

(၁) တန်တားဦးတဲတော်ရာ ရွာအနောက် ရှင်ပင်သာလျှောင်းဘုရား၏ အေဒီ ၁၄၈၅ ခု ကျောက်စာ မျက်နှာဖက် (ကြောင်းရေ ၂၄) တွင် "ဆရာတော်အဆက်ဆက်အား ပစ္စည်းလေးပါး အလှူငှါ စားတော်မူသော **ကွမ်းတလား**၁၊ သောက်တော်မူသောရွှေအိုး၁၊ ရွှေဖလား၁၊သောက်ရေတင်၁၊ ရွှေလင်ပန်း ၁၊ ရွှေစလောင်း ၁၊ ရွှေသင်္ကေ ၂ ချပ် ၁၊ အပေါင်းသော်ရွှေခုနစ်ရာနှင့်ပန်၍လှူတော် မူသည်"ဟူ၍ရှင်း။

(၂) တန်တားဦး မင်္ဂလာစေတီတည် မော်ကွန်းကို အေဒီ ၁၄၉၀ခု ရေးထိုးရာ၌ "ရွှေစစ်ထင်ရှား၊ **ကွမ်းတလား** က၊ စသည်ထွေးခံ"[၁]ဟူ၍ရှင်းတွေ့ရပါသည်။

**၁၁။ ကွမ်းတောင်**

ကွမ်းတောင် (ပုံ ၁၅)ကို အလှူမျှား၌ရှင်း၊ မင်းကရာဇ်ထွက်တော်မူရာတွင်ပါသည့် အဆောင်အရွက်အနေနှင့်ရှင်း၊ လက်ျာမင်းခန်းတော်အနေနှင့်ရှင်း တွေ့ရှိရသည်။

(၁) "မကွေးတောင်ဖျား၊ ပုထိုးသားကို၊ တရားမင်းခေါင်၊ **ကွမ်းပန်းတောင်**နှင့်၊မီးရောင်ထက်ဝန်း၊ ပန်းကားငါးမည်၊ ပူဇော်သည်ကား"[၂]

(၂) "ရွှေကြယ်ညီးညီး၊ ဆီမီးပြောင်ပြောင်၊ **ကွမ်းတောင်** လူလူ၊ ဆင်ဖြူဆွဆွ"[၃]

(၃) "ပန်းထီးတံခွန်၊ ဗိတာ**ကွမ်းတောင်**၊ ရွှေမဆောင်တည့်"[၄]

(၄) "လွှမ်းလျက်ထီးနီ၊ စုံစီဆောင်ယောင်၊ **ကွမ်းတောင်** ကွမ်းလောင်း၊ ကျပ်ပေါင်းစုံလင်၊ ထမ်းစင် ယာဉ်သာ၊ ဝေါဗလာနှင့်"[၅]

(၅) "ထိန်လျှပ်**ကွမ်းတောင်သာ**"[၆]

(၆) "ကွမ်းချပ် **ကွမ်းတောင်**"[၇]

(၇) "**ကွမ်းတောင်** မြင့်လျက်"

စသည်တို့ ဖြစ်ပါသည်။

---

၁။ **တန်တားဦးတည်မော်ကွန်း** (အေဒီ ၁၄၉၀ ခု ရေးသည်) (မန္တလေး ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်) ၁၉၂၄၊ အပိုဒ်၃၂။ **တက္ကသိုလ်မြန်မာအဘိဓါန်အပိုင်း ၁** စာမျက်နှာ ၁၅၁ ကို ရှု

၂။ **ပြည်စုံမော်ကွန်း** အပိုဒ် ၆၇

၃။ **နေမိငရဲခန်းပျို့** အပိုဒ် ၁၂၀ (အေဒီ ၁၅၃၀ ခု ရေးသည်)

၄။ **နေမိငရဲခန်းပျို့** အပိုဒ် ၃၄

၅။ **နာနာဆန္ဒပျို့** အပိုဒ် ၁၃၀ (အေဒီ ၁၀၂၆ ခု ရေးသည်)

၆။ **ဂီတဝိသောဓနီကျမ်း** စာမျက်နှာ ၃၀

၇။ **မဟာသုတသောမပျို့** အပိုဒ် ၂၆

၈။ **အဘိရူပပျို့** အပိုဒ် ၁၅၆

### ၁၂။ **ကွမ်းတောင်း**

လက်ျာမင်းခမ်းတော် အပါအဝင်ဖြစ်သည်။

(၁) "လှတင့်ကုန်းမြောင်း၊ **ကွမ်းတောင်း**ကြီးတစ်" [၁]

(၂) "ရောင်လျှပ် **ကွမ်းတောင်း**၊ မျက်ပေါင်းသိဂ်" [၂]

(၃) "ထိန်ညီးကွမ်းကျုပ်၊ ထိန်လျှပ်**ကွမ်းတောင်း**" [၃]

### ၁၃။ **ကွမ်းထည့်**

ကွမ်းထည့်မှာ မင်းခမ်းတော် အပါအဝင်ဖြစ်သည်။

(၁) "ရွှေပူးရွှေအုံ၊ ကွမ်းပုံ **ကွမ်းထည့်**၊ မင်းခမ်းပြည့်မျှ" [၄]

(၂) "ဟံသာဝတီ ဆင်ဖြူမျှားရှင်သို့ ရခိုင်မင်းက သံတမန်စေရောက်၍ အလေးအမြတ် ဆောင်ယောင်သည့် **ကွမ်းထည့်** ကွမ်းချပ် အဆောင်ကို ဆက်သည်ဆိုသည်" [၅]

(၃) "ရောင်ဖြာလျှံပြည့်၊ **ကွမ်းထည့်**ကွမ်းချပ်" [၆]

(၄) "စလင်းကြာနှင့်၊ ကြုတ်ဝါ**ကွမ်းထည့်**၊ ရောင်မှည့် လျှပ်လျှပ်" [၇]

### ၁၄။ **ကွမ်းထုပ်**

ကွမ်းထုပ်မှာ အဆောင်အရွက် အပါအဝင်ဖြစ်သည်။ မင်းသား မှူးမတ်တို့နှင့် ဆိုင်သည်။

(၁) မင်းကို သဂြိုဟ်ရာတွင် "မင်းညီမင်းသား မှူးမတ်အပေါင်းတို့သည်လည်း **ကွမ်းထုပ်** ကို ကိုရင်သာ ပိုက်၍ဝင်ရသည်၊ ကျေးကျွန်မပါရ" [၈]

(၂) မင်းသားတို့မြင်းစီး၍သွားစဉ် အဆောင်အရွက်ကျင်းရာတွင် "သည်နောက် စီးမြင်း၊သည်နောက် **ကွမ်းထုပ်**၊ ရေတကောင်း" [၉]

---

၁။ မဟာဇနကပျို့ အပိုဒ် ၈၁

၂။ ကုသပျို့ အပိုဒ် ၁၄

၃။ မဃဒေဝလင်္ကာသစ် အပိုဒ် ၆၆

၄။ နေမိဘုံခန်းပျို့ အပိုဒ် ၄၄ (အေဒီ ၁၅၄၂ ခု ရေးသည်)

၅။ ရွှေဘုံနိဒါန်း အပိုဒ် ၁၅ စာမျက်နှာ ၁၄

၆။ ရွှေဘုံနိဒါန်း အပိုဒ် ၁၆ စာမျက်နှာ ၁၆

၇။ မုဒ္ဒါဘိသိက်မော်ကွန်း အပိုဒ် ၂၁

၈။ အရေးတော်ပုံ ငါးစောင်တွဲ စာမျက်နှာ ၅၀၇

၉။ လောကဗျူဟာ စာမျက်နှာ ၂၉၁

(၃) မြင်းမူးတို့သည် " ဝါဝင် ဝါကျွတ်သဘင်တော် ဖြစ်စေ၊ ကျောင်းဘုရား သွားလာသည် ဖြစ်စေ၊ **ကွမ်းထုပ်**၊ ရေတကောင်း၊ ကတော့အုပ် နောက်ကဆောင်သည် "[၁]

(၄) မှူးတော်မတ်တော်တို့ အမည်ရလျှင် "ခမောက်တင်ကို ချိပ်နီတိုက်၍ အစိမ်းအဝါ တန်သည်ကို ဆောင် သည်။ အိမ်ခြံကို ကပ်စိပ်ကာသည်။ **ကွမ်းထုပ်** ရေတကောင်း ပဝါနီဖိုး နောက်က ဆောင်သည် "[၂]

(၅) မှူးမတ်တို့သည် "ကျိုင်းဆောင်အားရှိလျှင် ရွှေလုလင်နှစ်စည်သည် နောက်ကျိုင်းရိုးနှံ အဖြူကို ဆောင်သည်။ သည်နောက် **ကွမ်းထုပ်** ရေတကောင်း ပဝါဖိုး"[၃]

စသည်တို့ ဖြစ်ပါသည်။

## ၁၅။ **ကွမ်းဘူး**

တပင်ရွှေထီးက ဘုရင့်နောင် ကျော်ထင်နော်ရထာ ညီအစ်ကိုတို့ကို အဆောင်အရွက် ပေးသည်တွင် ကွမ်းဘူးပါသည်။

(၁) ဘုရင့်နောင်ကိုပေးသည့် အဆောင်အရွက်တွင် " ကွမ်းလောင်း **ကွမ်းဘူး** ပတ္တမြားစီ သောက်တော် တကောင်းဘုံး"ပါသည်။[၄]

(၂) ဘုရင့်နောင်ညီတော် သီရိဇေယကျော်ထင်ကိုပေးသည့် အဆောင်အယောင်တွင် "ရွှေကွမ်းခွက် ရှစ်မြှောင့် အပွတ်အညွှတ် **ကွမ်းဘူး** ကွမ်းလိပ် " ပါသည်။[၅]

## ၁၆။ **ကွမ်းလောင်း**

ကွမ်းလောင်း (ပုံ ၁၆) မှာ တခကောင်းမင်း အဆောင်အရွက် ဖြစ်သည်ဟု ဆိုသည်[၆]။ ကွမ်းလောင်းရိုးရိုး အပြင် ကွမ်းလောင်းကြီး ကွမ်းလောင်းငယ်လည်း ရှိသည်။ ပုဂံခေတ်မှစ၍ တွေ့ရသည်။ အဝခေတ်နှင့် "ကုန်းဘောင် နှစ်ခေတ် လုံးတွင် မင်းခမ်းတော်အဖြစ် တွေ့ရပြီးလျှင် ကုန်းဘောင်ခေတ်၌မူကား လက်ဝဲလက်ျာမင်းခမ်းတော် တို့တွင်ပင် ပါရှိ သည်။ မှူးမတ်တို့ ကွမ်းလောင်းရသည်ဟု နှစ်ခါသာ တွေ့ဘူးသေးသည်။

---

၁။ လောကဗျူဟာ စာမျက်နှာ ၂၉၀

၂။ လောကဗျူဟာ စာမျက်နှာ ၂၉၂

၃။ လောကဗျူဟာ စာမျက်နှာ ၂၉၂

၄။ မှန်နန်း ဒုတိယတွဲ စာမျက်နှာ ၂၄၁

၅။ မှန်နန်း ဒုတိယတွဲ စာမျက်နှာ ၂၄၁

၆။ ရွှေဘုံနိဒါန်း အပိုဒ် ၁၅ စာမျက်နှာ ၁၂

မင်းတို့ ထွက်တော်မူရာ၌ ခင်းကျင်းသည့် မင်းခမ်းမင်းနားတွင် ကွမ်းလောင်းပါသည်။

(၁) မင်းခေါင်နှင့် သုရှင်တွေ့ဆုံ၍ အဆောင်အရွက် လဲလှယ်ရာ၌ သုရှင်ဆောင်သော ထီးဖြူစားတော် **ကွမ်းလောင်း** ကွမ်းခွက်တို့ကို မင်းခေါင်ကိုပေးသည်[၁]

(၂) "ရည်ရှင်လှပ်လှပ်၊ ကွမ်းကျပ် **ကွမ်းလောင်း**၊ မြစ်ကြောင်းလင်းလင်း၊ မင်းခမ်းကျင်းလျက်"

(၃) "ရွှေအသောင်းဖြင့်၊ **ကွမ်းလောင်း** ကွမ်းအုပ်၊ လုပ်လတ်ပြီးသော်"[၃]

(၄) "ပေါက်ပေါက်တန်ဆောင်၊ ကွမ်းလောင်းဖြင့်ညီး၊ ဆီမီးမကျန်"[၄]

(၅) "**ကွမ်းလောင်း** ကွမ်းခွက်၊ လိုက်ဘက်စီရင်၊ သောက်ရေတင်နှင့်"[၅]

(၆) "ချက်ချက်မောင်းမောင်း၊ ရည်ပျောင်းပျောင်းသား၊ **ကွမ်းလောင်း** ပန်းကပ်"[၆]

(၇) "စုံစီဆောင်ယောင်၊ ကွမ်းတောင် **ကွမ်းလောင်း**၊ ကျပ်ပေါင်းစုံလင်"[၇]

(၈) "ကွမ်းခွက် **ကွမ်းလောင်း**၊ မဆန်းတောင်းတွင်"[၈]

ဟူ၍ ကွမ်းလောင်းသည် ထွက်တော်မူရာ ခင်းကျင်းသည့် မင်းခမ်းတော် အပါအဝင်ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။ လက်ဝဲမင်းခမ်းတော်အနေနှင့် တွေ့ရသည်မှာ

(၁) "သလပ်ရောင်မောင်း၊ **ကွမ်းလောင်းကြီးယော်**၊ ရောင်သွယ်ဖလား"[၉]

(၂) "လျှပ်လျှပ်ဝင်းဝါ၊ မကွာတသီး၊ ကွမ်းလောင်းကြီးက၊ အပြီးဆိုဘွယ်၊ **ကွမ်းလောင်းယော်** နှင့်"[၁၀]

---

၁။ အရေးတော်ပုံငါးစောင်တွဲ စာမျက်နှာ ၂၇၉

၂။ ပြည်စုံမော်ကွန်း အပိုဒ် ၃၀

၃။ ပြည်စုံမော်ကွန်း အပိုဒ် ၅၆

၄။ ဘုရိဒတ်လင်္ကာကြီး အပိုဒ် ၂

၅။ တန်တားဦးတည်မော်ကွန်း အပိုဒ် ၃၂

၆။ နေမိဘုံခန်းပျို့ အပိုဒ် ၄၄

၇။ နာနာဆန္ဒပျို့ အပိုဒ် ၁၃၀

၈။ စန္ဒကိန္နရီပျို့ အပိုဒ် ၂၅

၉။ ရွှေဘုံနိဒါန်း အပိုဒ် ၁၆ စာမျက်နှာ ၁၇

၁၀။ ရွှေဘုံနိဒါန်း အပိုဒ် ၁၆ စာမျက်နှာ ၁၇

(၃) "ရောင်လက်သလယ်၊ လျှပ်လျှပ် ရောင်မောင်းမောင်း၊ **ကွမ်းလောင်းကြီးငယ်**" [၁]

(၄) "သလယ်သဘွယ်၊ **ကွမ်းလောင်းငယ်**က၊ သောက်ကြယ်အရောင်" [၂]

(၅) "**စေ့စပ်ခြယ်လှယ်၊ ကွမ်းလောင်းငယ်** နှင့်" [၃]

(၆) "နှစ်ရပ် **ကွမ်းလောင်း**၊ ရောင်မောင်းဖလား" [၄]

(၇) "**ကွမ်းလောင်း** မြမျက်ပုံ" [၅]

(၈) "**ကွမ်းလောင်း** သလယ်" [၆]

(၉) "ဝင်းလျှံ ပတ်သွယ်၊ **ကွမ်းလောင်းငယ်** က" [၇]

(၁၀) "ရောင်လျှပ်မီးနှယ်၊ **ကွမ်းလောင်းငယ်** က" [၈]

(၁၁) "ခြသေ့ခံကွဲခွက်၊ **ကွံးလောင်းတော်ငယ်**" [၉]

ဟူ၍ လက်ဝဲမင်းခမ်းတော်များတွင် ကွမ်းလောင်းကြီး၊ ကွမ်းလောင်းငယ် ကွမ်းလောင်းအသီးသီး တွေ့ရပါသည်။ လက်ျာမင်းခမ်းတော်များတွင် ကွမ်းလောင်းကိုတွေ့ရသည်မှာ

(၁) "ရှုတင့်မညီး၊ **ကွမ်းလောင်းကြီး** ထိန်လျှပ်" [၁၀]

(၂) "**ကွမ်းလောင်းကြီး** နှင့်၊ သုံးဆင့်ကွမ်းချပ်" [၁၁]

---

၁။ **မုဒ္ဒါဘိသိက်မော်ကွန်း** အပိုဒ် ၂၁

၂။ **မဟာဇနကပျို့** အပိုဒ် ၈၁

၃။ **ကုသပျို့** အပိုဒ် ၁၄

၄။ **ကုသပျို့** အပိုဒ် ၁၃

၅။ **ဂီတဝိသောဓနီကျမ်း** စာမျက်နှာ ၃၀

၆။ **မဟာသုတသောမပျို့** အပိုဒ် ၂၅

၇။ **အဘိရူကပျို့** အပိုဒ် ၁၅၇

၈။ **မဃဒေဝလင်္ကာသစ်** အပိုဒ် ၆၆

၉။ **ရွှေနန်းသုံး** အပိုဒ် ၈ စာမျက်နှာ ၁၂

၁၀။ **မဟာဇနကပျို့** အပိုဒ် ၈၁

၁၁။ **ကုသပျို့** အပိုဒ် ၁၄

(၃) "**ကွမ်းလောင်း** ကွမ်းချပ်"[၁]

(၄) "ဖြာဖြာရောင်လျှပ်၊ **ကွမ်းလောင်းထပ်** ၍"[၂]

(၅) "ဖြာဖြာရောင်ညီး၊ **ကွမ်းလောင်းကြီး** နှင့်"[၃]

(၆) "ရွှတင့်ရောင်မောင်း၊ **ကွမ်းလောင်းတော်ကြီး**"[၄]

(၇) "ကွမ်းချပ်တော်၊ **ကွမ်းလောင်းတော်ကြီး**"[၅]

ဟူ၍ လင်္ကာမင်းခမ်းတော်တို့၌ ကွမ်းလောင်းနှင့် ကွမ်းလောင်းကြီးကို တွေ့ရသည်။

ကွမ်းလောင်းကို တပင်ရွှေထီးလက်ထက် မင်းသားများကို ပေးသည် ဟူ၍လည်း တွေ့ရသည်။

(၁) ဘုရင့်နောင် ကျောင်ထင်နော်ရထာကို အိမ်ရှေ့ခန့်၍ ပေးသည့် အဆောင်အရွက်တွင် "ကွမ်းလိပ် **ကွမ်းလောင်း** ကွမ်းဘူး ပတ္တမြားစီ သောက်တော် တကောင်းဘုံး" စသဖြင့် ပါသည်။[၆]

(၂) ကျော်ထင်နော်ရထာ ညီတော် သီရိဇေယကျော်ထင်ကိုလည်း ရွှေကွမ်းခွက် ရှစ်မြှောင့် အပွတ် အညွတ် ကွမ်းဘူး ကွမ်းလိပ် "**ကွမ်းလောင်း** သောက်ရေတင်၊ တကောင်းဘုံး ရှစ်မြှောင့်၊ ရွှေထွေးခံ" ပေးသည် ဟူ၍လည်း ပါသည်။[၇]

မင်းခစားတို့၌ ကွမ်းလောင်းရသသူကား အလွန်ရှားဘိ၏။

(၁) အမွေမှုနှင့် စပ်လျဉ်း၍ အဘ၏ အဆောင်အရွက်ဖြစ်သော "**ကွမ်းလောင်း** ကွမ်းကျပ် ကွမ်းခွက်" ထား၊ မြင်း၊ အဆင်တန်ဆာတို့ကို သားကြီးသြရသသာ ရရာ၏ဟု တွေ့ရသည်။[၈]

(၂) **မဟာသုတသောမပျို့၊ စန္ဒကိန္နရီပျို့၊ အဘိရူကပျို့** တို့ကို စီကုံးရေးသားခဲ့သော စောလုမြို့စား ဦးရွှေခြည်က အဘိရူကပျို့ နိဂုံးတွင် မိမိ ကွမ်းလောင်းရကြောင်းကို "မင်းလှ ရာဇကျောင်ထင်၊

---

၁။ **ဂီတဝိသောဓနီကျမ်း** စာမျက်နှာ ၃၀

၂။ **မဟာသုတသောမပျို့** အပိုဒ် ၂၆

၃။ **အဘိရူကပျို့** အပိုဒ် ၁၅၆

၄။ **မဃဒေဝလင်္ကာသစ်** အပိုဒ် ၆၆

၅။ **ရွှေနန်းသုံးဝေါဟာရအဘိဓါန်** အပိုဒ် ၈ စာမျက်နှာ ၁၂

၆။ **မှန်နန်း ဒုတိယတွဲ** စာမျက်နှာ ၂၄၁

၇။ **မှန်နန်း ဒုတိယတွဲ** စာမျက်နှာ ၂၄၁

၈။ **အမွေမှုခန်း ဓမ္မသတ်ကျမ်း** စာမျက်နှာ ၈၄

ခေါ်တွင် ဝှဲချီး၊ ရဲရဲညီးမျှ၊ တော်ကြီး ဝတ်စား၊ စံလွတ် ရှားဧ။ ရွှေသားဖဲရံ၊ ကဲကဲလျှံသား၊ **မင်းစံ မောင်းမောင်း၊ ကွမ်းလောင်း** ကွမ်းခွက်၊ လျှမ်းလျှမ်း စက်မျှ၊ လက်လက် ဝင်းကြည်၊ **လင်းလင်းလည်သည်**"[၁]

ဟူ၍ ရေးထားသည်ကို တွေ့ရသည်။

၁၇။ **ကွမ်းလိပ်**

ကွမ်းလိပ်မှာ ကွမ်းလိပ်ရိုးရိုး၊ **ကွမ်းလိပ်** နှစ်မြွာ၊ ကွမ်းလိပ် သုံးမြွာ၊ ကွမ်းလိပ်ငါးမြွာ၊ ပယင်းတပ် မှန်တပ်၊ ပတ္တမြားစီ စသဖြင့် အမျိုးမျိုးရှိသည်။ **မင်းသားကြီး၊** မှူးကြီး မတ်ကြီးတို့နှင့် **က**တော်ကြီးတို့သာ ရကြသည်။ ကွမ်းလိပ်ရလျှင် အများအားဖြင့် ထွေးအင်ပါရကြသည်။ ကွမ်းလိပ်အကြောင်းကို တွေ့ရသည်မှာ

(၁) ကွမ်းခွက်ရှစ်ထောင့်အဆင့်မှတိုးလျှင် "ကွမ်းလိပ် ၂ မြွာ တိုးလျှင် ၃ မြွာ တိုးလျှင် ၅ မြွာ"[၂]

(၂) သက္ကရာဇ် ၉၀၇ ခုတွင် တပင်ရွှေထီးက ဘုရင့်နောင် ကျော်ထင်နော်ရထာကို ပေးသည့်အဆောင်တွင် "**ကွမ်းလိပ်** ကွမ်းလောင်း" ပါသည်[၃]

(၃) ထိုအတူ ကျော်ထင်နော်ရထာ၏ ညီတော် သီရိဇေယကျော်ထင်ကိုလည်း "ကွမ်းဘူး ကွမ်းလိပ်၊ ကွမ်းလောင်း သောက်ရေတင်... ရွှေထွေးခံ" ပေးသည်[၄]

(၄) **ကျော်ထင်နော်ရထာ၏** ညီလတ် နန္ဒယော်ဓါကို ပေးသည့် အဆောင် အရွက်တွင် "**ကွမ်းလိပ် ကွမ်းဘူးအစုံ** တကောင်းဘုံး လက်ဘက်အိုး **မိုးကြိုးထွေးခံ**" ပါသည်[၅]

(၅) သက္ကရာဇ် ၁၀၃၄ ခု တန်ခူးလဆန်း ၉ ရက်နေ့တွင် "နန္ဒစည်သူကို **ကွမ်းလိပ်** တရဖျားကို **ကွမ်းလိပ်**" ပေးသည်[၆]

(၆) သက္ကရာဇ် **၁၀၆၀** ခု ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် "သက်တော်ရှည်ကို ထီး **ကွမ်းလိပ်**" ပေးသည်[၇]

---

၁။ **အဘိရှကပ္ပါ** အပိုဒ် ၁၉၀

၂။ **ကျေးရွာအဆောင်** ကောကျော ၄

၃။ **မှန်နန်း** ဒုတိတတွဲ စာမျက်နှာ ၂၄၁

၄။ **မှန်နန်း** ဒုတိယတွဲ စာမျက်နှာ ၂၄၁

၅။ **မှန်နန်း** ဒုတိယတွဲ စာမျက်နှာ ၂၄၁

၆။ **မှန်နန်း** တတိယတွဲ စာမျက်နှာ ၂၉၅

၇။ **မှန်နန်း** တတိယတွဲ စာမျက်နှာ ၃၂၇

(၇) သက္ကရာဇ် ၁၀၉၉ ခုတွင် စည်သူကျော်ထင်ကို "**ကွမ်းလိပ်** ၃ မြှာလုပ်၍ ဆောင်"စေသည်

(၈) "ပလ္လဝါထပ်၊ လျှံဝါလျှပ်သား၊ ကွမ်းချပ် **ကွမ်းလိပ်**၊ လျှမ်းလျှမ်းရိပ်မျှ"[၂]

(၉) သက္ကရာဇ် ၁၂၁၆ ခု အိမ်ရှေ့မင်းကိုပေးသည့် အဆောင်အရွက်တွင် "**ကွမ်းလိပ်သုံးမြှာ** တဆယ့်နှစ်မြှောင့် မှန်တပ် အနား ပတ္တမြားသုံးရစ်စီ၊ လက်ဘက်အိုးတကောင်းပိတ် တဆယ့်နှစ်မြှောင့် မှန်တပ် အနားပတ္တမြားသုံးရစ်စီ၊ ရွှေထွေးအင်" ပါသည်[၃]

(၁၀) သက္ကရာဇ် ၁၂၁၆ ခု မင်းတုန်းမင်းသားအား ပေးသည့်အဆောင်အရွက်တွင် "**ကွမ်းလိပ်သုံးမြှာ** တဆယ့်နှစ်မြှောင့် မှန်တပ်၊ အနား ပတ္တမြားသုံးရစ်စီ၊ ရွှေထွေးအင်" ပါသည်[၄]

(၁၁) သက္ကရာဇ် ၁၂၁၆ ခုတွင် ပြင်စည်မင်းသား၊ ညောင်အုပ်မင်းသား၊ ချွန်းတောင်မင်းသား စသောမင်းသားအချို့တို့ကို"**ကွမ်းလိပ်သုံးမြှာ** ရှစ်ထောင့်မှန်တပ် အနား ပတ္တမြားနှစ်ရစ်စီ၊ ရွှေထွေးအင်" ပေးသည်[၅]

(၁၂) သက္ကရာဇ် ၁၂၁၆ ခုတွင် မင်းတပ်မင်းသား၊ ပေါက်မြိုင်မင်းသား၊ ယင်းခဲမင်းသား စသောမင်းသားအချို့ကို "**ကွမ်းလိပ်သုံးမြှာ** ရှစ်ထောင့်မှန်တပ် အနား ပတ္တမြားတရစ်စီ၊ ရွှေထွေးအင်" **ပေးသည်**[၆]

(၁၃) သက္ကရာဇ် ၁၂၁၆ ခုတွင် နတ်မောင်မင်းသား သားကို "**ကွမ်းလိပ်သုံးမြှာ** ပယင်းတပ် ရွှေ**ထွေးအင်" ပေးသည်**။[၇]

(၁၄) သက္ကရာဇ် ၁၂၀၇ ခုတွင် ဝန်ကြီး မင်းကြီးမဟာသီဟသူ၊ ဝန်ကြီး မင်းကြီး မဟာမင်းခေါင်ကျော်စွာ၊ ဝန်ကြီး **မင်းကြီး** မဟာမင်းလှမင်းထင်၊ ဝန်ကြီး မင်းကြီး မဟာမင်းခေါင်ရာဇာတို့ကို ပေးသည့်အဆောင်အရွက်တွင် "**ကွမ်းလိပ်သုံးမြှာ** ပယင်းတပ်၊ မိုးကြိုးထွေးအင်" ပါသည်

---

၁။ **ကျေးရွာအဆောင်** ကံကျော ၃

၂။ **စန္ဒကိန္နရီပျို့** အပိုဒ် ၂၆

၃။ **ကုန်းဘောင်ဆက်** တတိယတွဲ **စာမျက်နှာ** ၁၇၇

၄။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၁၇၉

၅။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၁၈၀

၆။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၁၈၂

၇။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၁၉၃

၈။ ဆင်းပု/ ၃၅၄

(၁၅) သက္ကရာဇ် ၁၂၁၆ ခုတွင် ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှသီဟသူ၊ ဝန်ကြီး မင်းကြီးမဟာရာဇသင်္ကြံ၊ သတိုးမင်းကြီး မဟာမင်းလှကျော်သူ၊ မင်းကြီးမဟာမင်းလှစည်သူတို့ကို ပေးသည့် အဆောင်အရွက်တွင်"**ကွမ်းလိပ်သုံးမြွာ** ပယင်းတပ်၊ မိုးကြိုးထွေးအင်" ပါသည်[၁]

(၁၆) သက္ကရာဇ် ၁၂၁၆ ခုတွင် အတွင်းဝန်များဖြစ်သော မဟာမင်းကလေး၊ မင်းကြီး မဟာသီဟသူ၊ မင်းလှသီဟသူတို့ကိုပေးသည့် အဆောင်အယောင်တွင်"**ကွမ်းလိပ်သုံးမြွာ** ပယင်းတပ်၊ငွေထွေးအင်" ပါသည်[၂]

(၁၇) သက္ကရာဇ် ၁၂၁၆ ခုတွင် အတွင်းဝန်မင်းကြီး မဟာဇေယသင်္ခယာကိုပေးသည့် အဆောင်အရွက်များတွင် "**ကွမ်းလိပ်သုံးမြွာ** ပယင်းတပ်၊ ငွေထွေးအင်" ပါသည်[၃]

(၁၈) သက္ကရာဇ် ၁၂၃၁ ခုတွင် အတွင်းဝန်များ ဖြစ်ကြသော မင်းကြီး မဟာမင်းခေါင်သင်္ခယာ၊ မင်းကြီးမဟာမင်းလှစည်သူတို့ "**ကွမ်းလိပ်သုံးမြွာ** ပယင်းတပ်၊ ငွေထွေးအင်" စသဖြင့် ရကြသည်[၄]

(၁၉) သက္ကရာဇ် ၁၂၂၀ ခုတွင် သောင်သွပ်စော်ဘွားအား ပေးသည့် အစီးအနင်း အဆောင်အရွက်တို့တွင် "**ကွမ်းလိပ်သုံးမြွာ** အနား ပတ္တမြားသုံးရစ်စီ၊ ကြုတ်ခွက်အစုံ ရွှေထွေးအင်" ပါသည်[၅]

(၂၀) အမေးခံကတော်ကြီးတို့ အဆောင်အရွက်တွင် "**ကွမ်းလိပ်သုံးမြွာ** ပယင်းတပ်၊ မိုးကြိုးထွေးအင်" ပါသည်[၆]

(၂၁) နောက်ကတော်ကြီးတို့ အဆောင်တွင် "**ကွမ်းလိပ်သုံးမြွာ** ပယင်းတပ်၊ မိုးကြိုးထွေးအင်" ပါသည်[၇]

(၂၂) သက္ကရာဇ် ၁၂၃၄ ခု ကင်းဝန်မင်းကြီး မဟာစည်သူကတော်ကို ပေးသည့် အဆောင်အရွက်တွင် "**ကွမ်းလိပ်သုံးမြွာ** ပယင်းတပ်" ပါသည်

---

၁။ ကုန်းဘောင်ဆက် တတိယတွဲ စာမျက်နှာ ၁၈၃။ ကင်းပု / ၃၇၆

၂။ ကုန်းဘောင်ဆက် တတိယတွဲ စာမျက်နှာ ၁၈၄

၃။ ကုန်းဘောင်ဆက် တတိယတွဲ စာမျက်နှာ ၁၉၅

၄။ ကင်းပု / ၃၅၄

၅။ ကုန်းဘောင်ဆက် တတိယတွဲ စာမျက်နှာ ၂၆၈

၆။ ရွှေနန်းသုံး အပိုဒ် ၁၄ စာမျက်နှာ ၂၀

၇။ ရွှေနန်းသုံး အပိုဒ် ၁၅ စာမျက်နှာ ၂၁

၈။ ကင်းပု / ၃၄၇

(၂၃) သက္ကရာဇ် ၁၂၄၂ ခု လယ်ကိုင်းမြို့စား ဝန်ကြီး သတိုးသုဓမ္မ မဟာသက်တော်ရှည် ကတော်ကို ပေးသည့် အဆောင်အရွက်တွင် "ကွံ့ခွက်ရှစ်ထောင့် ပယင်းတပ်၊ **ကွံ့လိပ်သုံးမြွာ** ပယင်းတပ်၊ မိုးကြိုးထွေးခံ" ပါသည်[၁]

ယင်းသို့ တွေ့ရှိရကား ကွမ်းလိပ်သည် မင်းသားကြီးများ၊ ဝန်ကြီး၊ အတွင်းဝန်၊ မှူးကြီး မတ်ကြီး၊ စော်ဘွားနှင့်ကတော် ကြီးတို့သာရသော အဆောင်အရွက် ဖြစ်ဟန်တူသည်။ ပယင်းတပ်၊ မှန်တပ်၊ ပတ္တမြားစီ၊ ရှစ်မြှောင့်၊ ဆယ့်နှစ်မြှောင့် စ၍ အမျိုးမျိုးရှိသည်။

၁၀။ **ကွမ်းသို**

ကွမ်းသိုအတွက် အထောက်အထား များစွာမရှိချေ။

(၁) "ကွမ်းကလပ်နှင့် ကွမ်းကပ် **ကွမ်းသို**" ဟူ၍ တွဲဖက်ဖော်ပြသည်ကိုရင်း[၂]

(၂) ပန်းကပ်နှင့် ကွမ်းသို တမျိုးတည်းဖြစ်မည်ဟု **မှန်နန်း** က ဆိုပြန်သည်ကိုရင်းတွေ့ရပါသည်[၃]

အချုပ်ကိုဆိုရလျှင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ကွမ်းထည့်ရန် ပစ္စည်းအားဖြင့် အစုစု တဆယ့်ရှစ်မျိုး တွေ့ရပါ သည်။ ကွမ်းအင်ကား ၁၇ ရာစု ညောင်ရမ်းခေတ် သူဌေးတို့ကိုပေးသည့်အဆောင်အယောင် ဖြစ်သည်။ ကွမ်းအစ်ကား ပုဂံခေတ်မှ ယခုတိုင်သုံးစွဲနေသေးသောပစ္စည်း ဖြစ်ရကား အထူးဖော်ပြရန် လိုမည်မထင်ချေ။ ကွမ်းအုပ်ကား မင်း၊ မင်းသား၊ မှူးမတ်တို့ အဆောင်ဖြစ်သည်။ ကွမ်းကလပ်ကို ညောင်ရမ်းခေတ်နှင့်ကုန်းဘောင်ခေတ်တွင် သုံးသည်ကို တွေ့ရသည်။ ထို့အပြင် နေရာငါးသွယ်နေ ကတော်မယားတို့နှင့် အမည်ရ အမှုးအကြီး ကျေးစား ရွာစားတို့အဆောင် ဖြစ်ကြောင်းကို တွေ့ရ ပါသည်။ ကွမ်းကပ်ကား ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်ဆုံးတိုင်သုံးခဲ့သော အသုံးအဆောင် ဖြစ်သည်။ ကွမ်းကျပ်၊ ကွမ်းကြပ်၊ ကွမ်းချပ်မှာ ပစ္စည်းတခုတည်းပင် ဖြစ်မည်ဟု ယူဆရန်ရှိသည်။ အဝခေတ်တွင် ကွမ်းချပ်သည် မင်း မှူးမတ် တို့အဆောင် ဖြစ်သော်လည်း ကုန်းဘောင်ခေတ်တွင်မူ မင်းခမ်း မင်းနား၌သာ တွေ့ရတော့သည်။ ကွမ်းခွက်ကား ကွမ်းပစ္စည်းများတွင် အသုံးအစွဲအများဆုံး အမျိုးအစားဖြစ်သည်။ ကွမ်းခွက်လည်း အမျိုးမျိုးရှိသည်။ မင်း၊ မင်းသား၊ မှူးမတ်၊ ကတော်မယားတို့ အဆောင်အရွက်ဖြစ်သည်။ လက်ဝဲ လက်ျာ မင်းခမ်းတော်များတွင်လည်း ပါသည်။ သာမည ကွမ်းခွက်မှာ မင်း၊ မင်းသား၊ မှူးမတ်၊ ကတော်မယားတို့ အဆောင်အရွက် ဖြစ်သည်။ ကွမ်းခွက်အဝန်းမှာ မှူးမတ်၊ စော်ဘွားမြို့စားတို့ အဆောင်အရွက် ဖြစ်၍ ရွှေသားသက်သက်နှင့်သာလုပ်သည်။ လေးထောင့်ကွမ်းခွက်မှာ မှူးမတ်တို့ အဆောင်သာ ဖြစ်သည်။ ရှစ်တောင့်ကွမ်းခွက်မှာ လက်ျာမင်းခမ်းတော်အဝင် မင်းသား၊ စော်ဘွားမြို့စား မှူးမတ်၊ ကတော်ကြီးတို့အဆောင်အရွက်ဖြစ်သည်၊ ရှစ်မြှောင့်ကွမ်းခွက်ကား လက်ျာမင်းခမ်းတော်နှင့် မင်းသားကြီးတို့အဆောင် အရွက်တွင် ပါသည်။ တဆယ့်နှစ်မြှောင့် ကွမ်းခွက်ကား မင်းသားကြီးတို့ အဆောင်အနေနှင့်သာ တွေ့ဘူးသည်။ ထောင့်ချိုးကွမ်းခွက်နှင့် ခိုနန်းကွမ်းခွက်တို့မှာ မှန်တပ်၊ ပယင်းတပ်၊ ကျောက်စီသာ ခြားနားသည်ဟု သိရသည်။ မည်သူ၏ အဆောင်ဟုမသိပါ။ တဆယ့်နှစ်ရာသီ ကွမ်းခွက်ကို စော်ဘွားတို့ အဆောင်အယောင် အနေနှင့်သာ တွေ့ဘူး

---

၁။ ကင်းပု/ ၃၄၇

၂။ မဃဒေဝလင်္ကာသစ် အပိုဒ် ၅၀၅

၃။ မှန်နန်း ပထမတွဲ၊ အပိုဒ် ၁၄၇ စာမျက်နှာ ၃၇၃

သည်။ ပုံနန်းကွမ်းခွက်ကား မိဖုရား၊ အိမ်ရှေ့မင်းနှင့် မိဖုရားမှမွေးသော မင်းသားကြီးများ အဆောင်သာ ဖြစ်သည်ဟု ဆိုသည်။ လက်တင်ကြားကွမ်းခွက်ကို လက်ဝဲမင်းခမ်းတော်တွင်သာ တွေ့ဘူးသေးသည်။ ခြသေ့်ခံကွမ်းခွက်ကို အချို့က လက်ဝဲမင်းခမ်းဟု ယူကြသော်လည်း အချို့ကမူ လကျ်ာမင်းခမ်းဟု ဆိုကြသည်။ နဂါးခံ ကွမ်းခွက်လည်း ထိုနည်းပင် ဖြစ်သည်။ နရားခံကွမ်းခွက်ကား နဂါးခံကွမ်းခွက်ကဲ့သို့ပင် ဖြစ်မည်ဟုထင်သည်။ ထို့အပြင် ပယင်းတပ် ပတ္တမြားတပ် မှန်တပ် ကွမ်းခွက်များလည်း ရှိ၏။ ယင်းတို့ကား ကွမ်းခွက်ကို အဆောင်အရွက်အနေနှင့် သုံးစွဲပုံများ ဖြစ်ပါသည်။ ထို့ပြင် ကွမ်းခွက်ကို တံဆိပ်နာမံတော် ထည့်ခြင်း၊ ယွန်းပေါင်ပုရပိုက်နှင့် ရာဇသံထည့်ခြင်း အလို့ငှါလည်း သုံးပါလည်း။ ကွမ်းတလားကို အဝခေတ် မင်းခမ်းမင်းနားတွင်သာ တွေ့ဘူးသေးသည်။ ကွမ်းတောင်ကို အလှူအတန်း ပွဲသဘင်များ တွင်ရှင်း၊ မင်းကရာဇ်ထွက်ရာပါသော မင်းခမ်းတွင်ရှင်း၊ လကျ်ာတော်မင်းခမ်းတွင်ရှင်း တွေ့ရသည်။ ကွမ်းတောင်းကား လကျ်ာတော်မင်းခမ်း ဖြစ်သည်ဟုဆိုသည်။ ကွမ်းထည့်ကား မင်းအသုံးအဆောင်ပစ္စည်းဖြစ်သည်။ ကွမ်းထုပ်မှာ မင်းသား မှူးမတ်တို့ အဆောင်အရွက်ဖြစ်၍ ကွမ်းဘူးမှာ မင်းသား အဆောင်ဖြစ်ဟန်တူသည်။ ကွမ်းလောင်းမှာ မင်းခမ်းတော် ဖြစ်၍ မှူးမတ် တယောက်တလေသာ ရကြသည်။ ကွမ်းလိပ်မှာ ဆောင်ကြီး ရွက်ကြီးဖြစ်၍ မင်းသားကြီး၊ ဝန်ကြီး၊ အတွင်းဝန်၊ မှူးကြီး၊ မတ်ကြီး၊ ကတော်ကြီးတို့သာ ရကြသည်။ နေရာ နိမ့်မြင့်လိုက်၍ ကွမ်းလိပ်ရလျှင် ရွှေထွေးအင်၊ မိုးကြိုးထွေးအင်၊ ငွေထွေးအင် ရတတ်ကြသည်။ ကွမ်းလိပ်မှာ ပယင်းတပ်၊ ပတ္တမြားတပ်၊ ရှစ်မြှောင့်၊ တဆယ့်နှစ်မြှောင့်၊ စသဖြင့် အမျိုးမျိုးရှိသည်။ ကွမ်းသိုကား ကွမ်းထည့်ရန် ပစ္စည်းတမျိုး ဟူ၍သာ သိရသည်။


## ACKNOWLEDGEMENT

The photographs ( Fig. 1, 2, 3, 4, 7, 10, 14 & 16 ) are of objects at the Victoria and Albert Museum taken on behalf of the Burma Historical Commission by John Vickers. Line sketches ( Fig. 6 & 9 ) are drawn after the illustrations in a parabaik at the Victoria and Albert Museum; ( Fig. 8 ) after an illustration in a parabaik in the possession of U Tet Htoot; and ( Fig. 5, 11, 12, 13 & 15 ) after R. C. Temple: "Notes on a Collection of Regalia of the Kings of Burma of the Alompra Dynasty", *The Indian Antiquary*, XXI ( Nov. 1902 ),442-4.



ပုံ ၁။ နဂါးခံ ကွမ်းအစ်



ပုံ ၂။ နရားခံ ကွမ်းအစ်



ပုံ ၃။ ကရဝိတ် ကွမ်းအုပ်



ပုံ ၄။ ဟင်္သာ ကွမ်းအုပ်



ပုံ ၇။ ရွှစ်ထောင့် ကွမ်းခွက် (မင်းသုံး)



ပုံ ၅။ ကွမ်းချပ်သုံးဆင့်



ပုံ ၆။ ကွမ်းခွက်အဝန်း



ပုံ ၁၀။ တဆယ့်နှစ်ရာသီ ကွမ်းခွက်



ပုံ ဂ။ ရှစ်ထောင့် ကွမ်းခွက် (အမတ်သုံး)



ပုံ ဃ။ ရှစ်ထောင့် ကွမ်းခွက် (ကတော်သုံး)



ပုံ ၁၄။ မြတာပ် ပတ္တမြား အပြည့်စီ ရှစ်ထောင့် ကွမ်းခွက်



ပုံ ၁၁။ လက်တင်ကြားကွမ်းခွက်



ပုံ ၁၂။ ခြသေ့်ခံ ကွမ်းခွက်



ပုံ ၁၆။ ကျွမ်းလောင်း



ပုံ ၁၄။ နဂါးခံ ကွမ်းခွက်



ပုံ ၁၅။ ကွမ်းတောင်